ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့ ထူထောင်ခဲ့ပြီး ၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 28 March 2022 ၁၀၆၉၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်၊ ယနေ့ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။

ယနေ့ ဖတ်စရာ



**တရုတ်နိုင်ငံ ပြည်မကြီး၌ အသက် ၆၀ နှင့်အထက် ပြည်သူ ၂၁၂ သန်းကျော် ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီး**

စာမျက်နှာ » ၁၆




**အခန်းဆက်ဝတ္ထုရှည်**

စာမျက်နှာ » ၂၆

ကြေးမုံ

# ထာဝရငြိမ်းချမ်းရေးသည် တပ်မတော်၏အဓိကရည်မှန်းချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ခဲ့သည့်ကာလတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရန် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးထည့်သွင်းပြီး အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးသည် နိုင်ငံအတွက် အသက်တမျှအရေးကြီးပြီး ငြိမ်းချမ်းရေးရရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ငြိမ်းချမ်းရေးရရှိရေးတွင် တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အဓိကကျသောကဏ္ဍတွင်ရှိနေ၍ တပ်မတော်အနေဖြင့် EAO များအဆိုပြုထားသည့် NCA လမ်းကြောင်းပေါ်တွင် အခိုင်အမာရပ်တည်ပြီး ငြိမ်းချမ်းရေးခရီးလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသည်။ လက်ရှိအခြေအနေတွင် အစိုးရနှင့် တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အကြမ်းဖက်အဖွဲ့များမှအပ မည်သည့်တိုင်းရင်းသားအဖွဲ့များကိုမဆို တွေ့ဆုံဆွေးနွေးသွားမည်ဟု အတိအလင်းပြောကြားထားပြီး ငြိမ်းချမ်းရေးတံခါးကို အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေး၊ လူမျိုးရေး၊ ယုံကြည်ချက် မတူကွဲပြားမှုကြောင့် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းတို့သည် ၎င်းတို့၏နယ်မြေဒေသတွင် ၎င်းတို့၏ ရပ်တည်ချက်ကို အခိုင်အမာဆုပ်ကိုင်ပြီး လက်နက်စွဲကိုင်ထားသော အဖွဲ့အစည်းဖြစ်သည်။ မိမိတို့ဒေသတွင် မိမိတို့အားဖြင့် မျှခြေသဘောမျိုး ရပ်တည်နေကြခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း စိတ်သဘောထားချင်း ကွဲလွဲနေသည့် ညီအစ်ကိုမောင်နှမများသဖွယ်ဖြစ်သည်။ ထို့ကြောင့် သဘောထားကွဲလွဲမှုကို ပေါင်းစပ်ညှိနှိုင်းပြီး ချစ်ချစ်ခင်ခင်ညီညီညွတ်ညွတ် နေထိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက်အစိုးရများက ကြိုးပမ်းလုပ်ဆောင်ခဲ့သော်လည်း ကောင်းမွန်သည့်ရလဒ်အဖြေမရဘဲ နှစ်ပေါင်း ၇၀ ကျော်ကြာ ခရီးဝေးနေဆဲဖြစ်သည်။ တပ်မတော်သည် ငြိမ်းချမ်းရေးကို မဖြစ်မနေရရမည်ဟု လိုလားချက်အတိုင်း အစိုးရနှင့်အတူ ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးတွင် ပထမဦးစွာအရေးကြီးသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စာချုပ်ဖြစ်ပေါ်လာရန်အတွက် တစ်နှစ်နှင့်ကိုးလကြာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၂၁ ဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။ ၂၁ ဖွဲ့တွင် ၁၆ ဖွဲ့နှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ခဲ့ပြီး NCA စာချုပ်တွင် အမှန်တကယ်လက်မှတ်ရေးထိုးသောအခါ ၁၆ ဖွဲ့တွင် ရှစ်ဖွဲ့သာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် နောက်ထပ်နှစ်ဖွဲ့ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ယခုအခါ NCA တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ရှစ်ဖွဲ့ရှိသည်။ ထို့နောက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း သုံးခုမှ ၂၀၂၀ ပြည့်နှစ်အလွန်တွင် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုများကို ၂၀၂၂ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ညှိနှိုင်းရေးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ သဘောထားစုစည်းချက် ရှစ်ချက်ရရှိခဲ့သည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်နေသော်လည်း အချို့ EAO တို့သည် နိုင်ငံရေးအပြောင်းလဲကို အကြောင်းပြုပြီး NUG၊ CRPH၊ PDF တို့နှင့်ပူးပေါင်း၍ အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်နေသည်ကိုတွေ့ရသည်။ လက်ရှိတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့်ပတ်သက်ပြီး နှောင့်ယှက်တိုက်ခိုက်မှုများတွင် ပါဝင်လုပ်ဆောင်နေသည်။ ထိုသို့လုပ်ဆောင်မှုများကြောင့် တပ်မတော်သည် တိုင်းရင်းသားပြည်သူများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ရှင်းလင်းဖယ်ရှားမှုများလုပ်ဆောင်နေသည်။ များသောအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ငြိမ်းချမ်းရေးကို လိုလားကြပါသည်။ ၎င်းတို့ရည်မှန်းထားသည့်အတိုင်း ဖြစ်မလာသေး၍ ငြိမ်းချမ်းရေးကို အပြည့်အဝမရရှိသေးခြင်းဖြစ်သည်။

ကျွန်ုပ်တို့အားလုံး၏ ရည်မှန်းချက်သည် ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပါသည်။ အားလုံး၏ရည်မှန်းချက်သည် ဒီမိုကရေစီကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဟု ရည်မှန်းထားသည်။ ယင်းသည် အားလုံး၏တူညီသည့်ရည်မှန်းချက်ဖြစ်သည်။ တူညီသည့်ရည်မှန်းချက်ကို ညှိနှိုင်းကာ အတူလက်တွဲလုပ်ကိုင်ပြီး မတူညီမှုများကို ဆက်လက်အဖြေရှာလုပ်ကိုင်ဖို့သာလိုသည်။ သို့မှသာ မျှော်မှန်းထားသည့် ပန်းတိုင်နှင့် နီးစပ်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးကို အထူးကြိုးပမ်းဆောင်ရွက်နေရာ အားလုံးဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်ရေး အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်တွင် လူငယ်များ ပါဝင်လျှောက်ထားနိုင်

**နေပြည်တော် မတ် ၂၇**

ဥရောပသမဂ္ဂ (European Union)၏ ပံ့ပိုးကူညီမှုဖြင့် Biodiversity Conservation and Management of Protected Area in ASEAN (BCAMP) နှင့် ASEAN Center for Biodiversity(ACB)တို့က ကြီးမှူးကျင်းပသည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် (Young ASEAN 5 storytellers Programme) အား ၂၀၂၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်တွင် ပါဝင်လိုသောလူငယ်ပညာရှင်များအနေဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ Online Application Channel https://aypb.aseanbiodiversity.org/yas မှတစ်ဆင့် လျှောက်ထားနိုင်ပြီး ပါဝင်လိုသူများသည် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်ကြား အာဆီယံနိုင်ငံသားဖြစ်ရမည်။ ထို့ပြင် သက်ဆိုင်ရာဒေသဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုရေးသားနိုင်၍ အစီအစဉ်အားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သူ (လူကိုယ်တိုင်ပါဝင်ခြင်း/ Online မှတစ်ဆင့် ပါဝင်ခြင်း) ဖြစ်ရမည်။

အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ လူငယ်နှစ်ဦးစီအား ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် လူငယ်များသည် မိမိတို့နိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park–AHP) များ၌ တိရစ္ဆာန်မျိုးစိတ်များ၊ အပင်မျိုးစိတ်များ၊ သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနေပုံကို ဓာတ်ပုံဖြင့်ဖြစ်စေ၊ ဗီဒီယိုဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အနုပညာလက်ရာ ဖန်တီးမှုတစ်ခုခု (ပန်းချီ/ လက်မှုပညာ) ဖြင့်ဖြစ်စေ၊ အခြားဖန်တီးမှုတစ်ခုခု (ဥပမာ–ပုံရိပ်ယောင် နည်းပညာ/ ကာတွန်းအချက်အလက်များဖြင့် တင်ပြခြင်း) ဖြင့်ဖြစ်စေ အာဆီယံပြည်သူလူထုထံသို့ သတင်းမီဒီယာများမှတစ်ဆင့် ပြန်လည်မျှဝေပေးရမည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်တွင် ပါဝင်လိုသူများအနေဖြင့် အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို https://aybp.asean-biodiversity.org/yas တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန ဖုန်း ၀၉–၄၃၁၃၉၄၂၂ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၇၇)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ်မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်တွင် ကျင်းပသည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားခွဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်း

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု၊ ဒို့တာဝန် အရေးသုံးပါး ကာကွယ်စောင့်ရှောက်ခဲ့မှု၊ နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှု ဆိုင်ရာ သမိုင်းကြောင်းများနဲ့အတူ ယှဉ်တွဲ ပေါ်ပေါက်လာခဲ့ပြီး အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ ဒီကနေ့ ဆိုရင် (၇၇)နှစ်တာကာလရှိလာပြီဖြစ်တယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ပြည်သူလူထုနဲ့အတူ လက်တွဲပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ နယ်ချဲ့ဗြိတိသျှတို့ လက်အောက်ကနေ မြန်မာ နိုင်ငံကို လွတ်လပ်ရေး ရယူပေးခဲ့တယ်။

ဗြိတိသျှနယ်ချဲ့တို့ ဖန်တီးခဲ့တဲ့ သွေးခွဲမှုတွေ ကြောင့် ဒို့တိုင်းရင်းသားအချင်းချင်းအကြား ယုံကြည်မှုလျော့နည်းခဲ့ရမှုနဲ့အတူ နိုင်ငံရေး အယူအဆနဲ့ အယူဝါဒ ကွဲပြားမှုအမျိုးမျိုးတို့ ကြောင့် လွတ်လပ်ရေးရပြီး မကြာမီမှာပဲ ပြည်တွင်း သောင်းကျန်းမှုစစ်မီးကြီး ပေါ်ပေါက်လာခဲ့ရတယ်။ ရန်ကုန်အစိုးရလို့ လှောင်ပြောင်ခေါ်ခံခဲ့ရာကနေ ဒို့တပ်မတော်အနေနဲ့ အဆုံးအဖြတ်ပေးတဲ့ တိုက်ပွဲ ကြီးတွေကို အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ပြီး တိုင်းပြည်အေးချမ်းအောင် ဆောင်ရွက် ပေးခဲ့သလို ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ တရုတ်ဖြူကူမင်တန်တွေရဲ့ ကျူးကျော်မှုကို မဲခေါင် စစ်ဆင်ရေးကြီး အပါအဝင် စစ်ဆင်ရေးကြီး အကြိမ်ပေါင်း ၃၀ နဲ့ စစ်ဆင်ရေးငယ် များစွာဆင်နွှဲ ပြီး နိုင်ငံတော်ကို ပြည်ပကျူးကျော်မှုအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးခဲ့ရတယ်။

ဒ့ါအပြင် ဒို့နိုင်ငံအနေနဲ့ ၁၉၅၈ ခုနှစ် နိုင်ငံရေး အကျပ်အတည်း၊ ၁၉၆၂ ခုနှစ် ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ်၊ ၁၉၈၈ ခုနှစ် ဒီမိုကရေစီ တောင်းဆိုမှု အရေးအခင်းနဲ့ အုပ်ချုပ်ရေးယန္တရား ပျက်ပြားမှု စတဲ့ နိုင်ငံတော်အတွက် အန္တရာယ် ကြီးမားတဲ့ အရေးကိစ္စတို့နဲ့ ကြုံတွေ့ခဲ့ရချိန်တွေ မှာလည်း တပ်မတော်အနေနဲ့ မှန်ကန်တဲ့ ရပ်တည်ချက်၊ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးခဲ့ တယ်။ တပ်မတော်အနေနဲ့ ၁၉၈၈ ခုနှစ် နောက်ပိုင်း ကာလတွေမှာလည်း နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာကို ရန်ပြုလာခဲ့တဲ့ သောင်းကျန်းသူတွေကို ဒို့တပ်မတော်သားတွေရဲ့ အသက်သွေးချွေး များစွာ ပေးဆပ်ပြီး အောင်မြင်စွာ ချေမှုန်းတိုက်ခိုက်နိုင် ခဲ့တယ်။ ဒ့ါကြောင့် ဒို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိ အချိန်ထိ ခေတ်အဆက်ဆက်၊ စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ် ဦးထိပ်ထားကာ အောင်မြင်စွာ ကာကွယ်စောင့် ရှောက်နိုင်ခဲ့တယ်ဆိုတာကို ဂုဏ်ယူစွာ ပြောကြား လိုတယ်။

**ရဲဘော်တို့**

ကမ္ဘာ့နိုင်ငံတိုင်းမှာ နိုင်ငံရေးစနစ် တစ်ခုကနေ တစ်ခုကို ညင်သာစွာ အသွင်ကူးပြောင်းနိုင်ဖို့အတွက် အလွန်အရေးကြီးတယ်။ ၁၉၈၈ ခုနှစ် ဒို့တပ်မတော် အနေနဲ့ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ယူခဲ့ရတဲ့ အချိန်မှာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး အတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့တယ်။ ဒီမို ကရေစီ အုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တယ်။ ၂၀၁၀ ပြည့်နှစ်မှာ ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဆန္ဒနဲ့အညီ ကိုက်ညီတဲ့ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနိုင်ရေးကို ကမကထပြု ဆောင်ရွက်ပေးခဲ့ပြီး ဒီမိုကရေစီစနစ်ကို ညင်သာငြိမ်းချမ်းစွာ ကူးပြောင်း နိုင်ရေး ဦးစီးဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါတွေဟာ ဒို့တပ်မတော်ရဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် ထားရှိတဲ့ စစ်မှန်ကောင်းမွန်တဲ့ စေတနာပြယုဂ်တွေ ဖြစ်တယ်ဆိုတာ အသိပေးလိုတယ်။



(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။



**ရဲဘော်တို့**

မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာ့အင်အားကြီး နိုင်ငံအချို့ဟာ နိုင်ငံတစ်နိုင်ငံကို သမားရိုးကျနည်း ဖြစ်တဲ့ စစ်ရေးနည်းတစ်ခုတည်းနဲ့ ကျူးကျော်သိမ်းပိုက် တိုက်ခိုက်ခြင်းမျိုး မဟုတ်တော့ဘဲ သမားရိုးကျ မဟုတ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒ ဖြန့်ချိရေး၊ သံတမန်ရေး အစရှိတဲ့ နည်းလမ်းတွေနဲ့ပါ ကျူးကျော်လာကြတာကို တွေ့ကြရမှာ ဖြစ်တယ်။ ဒ့ါကြောင့် ခေတ်သစ်စစ်ပွဲအောင်နိုင်ဖို့အတွက် သတင်းဆက်သွယ်ရေး နည်းပညာတွေ၊ အီလက် ထရောနစ်နည်းပညာတွေ၊ စက်မှုနည်းပညာတွေ အဆင့်မီ သင်ကြားလေ့ကျင့်ထားရမှာဖြစ်တယ်။

နည်းပညာတွေနဲ့ လိုက်လျောညီထွေ ပြောင်းလဲ နေတဲ့ စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာတွေကိုလည်း လေ့လာနေရမှာပဲ ဖြစ်တယ်။ ဒါကြောင့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဟာ စွမ်းရည်ပြည့်ဝတဲ့ လူသား အရင်းအမြစ်များ၊ နည်းပညာများနဲ့ပေါင်းစပ်ပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို တည်ဆောက် သွားရမှာဖြစ်တယ်။

တပ်မတော်သား အဆင့်အတန်းအားလုံးဟာ မိမိတို့ တာဝန်ထမ်းဆောင်ရတဲ့ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်ဖို့ လိုအပ်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားတွေ တိုးတက်လာ စေဖို့နဲ့ အရေအတွက်ထက် အရည်အသွေးနဲ့ အရည် အချင်းရှိတဲ့ တပ်မတော်သားတွေ ဖြစ်လာစေဖို့ အတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမှာဖြစ်တယ်။ စစ်ရေးစွမ်းရည် ထက်မြက်ဖို့အတွက် လေ့ကျင့်ရေးဟာ အဓိက ကျတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး စစ်သည် တစ်ဦးချင်း လေ့ကျင့်ရေးနဲ့ တပ်ဖွဲ့အလိုက် လေ့ကျင့်ရေးတွေကို ဒို့တပ်မတော်ရဲ့ **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုတဲ့ လေ့ကျင့်ရေး ဆောင်ပုဒ် နဲ့အညီ လေ့ကျင့်သွားကြဖို့ မှာကြားလိုတယ်။

**○ မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာ့အင်အားကြီး နိုင်ငံအချို့ဟာ နိုင်ငံတစ်နိုင်ငံကို သမားရိုးကျနည်းဖြစ်တဲ့ စစ်ရေးနည်းတစ်ခုတည်းနဲ့ ကျူးကျော်သိမ်းပိုက်တိုက်ခိုက်ခြင်းမျိုး မဟုတ်တော့ဘဲ သမားရိုးကျ မဟုတ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေး အစရှိတဲ့ နည်းလမ်းတွေနဲ့ပါ ကျူးကျော်လာကြတာကို တွေ့ကြရမှာ ဖြစ်တယ်။ ဒ့ါကြောင့် ခေတ်သစ်စစ်ပွဲအောင်နိုင်ဖို့အတွက် သတင်း ဆက်သွယ်ရေး နည်းပညာတွေ၊ အီလက်ထရောနစ်နည်းပညာတွေ၊ စက်မှုနည်းပညာတွေ အဆင့်မီ သင်ကြားလေ့ကျင့်ထားရမှာဖြစ်**

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေတဲ့ အင်အားကောင်းမွန်မှုအရှိဆုံး အဖွဲ့အစည်းတစ်ခုဖြစ်တာကြောင့် တပ်တွင်း စည်းလုံးညီညွတ်မှုဟာ အလွန်အရေးကြီးတယ်။ ပြည်ပ ကျူးကျော်သူတွေနဲ့ ကိုယ်ကျိုးရှာနိုင်ငံရေး သမား အင်အားစုတွေဟာ ဒို့တပ်မတော်ကို ပြိုကွဲ အောင် ဖြိုခွဲဖို့ ပြည်တွင်း၊ ပြည်ပမှ နည်းလမ်း ပေါင်းစုံနဲ့ လုပ်ဆောင်နေကြတာ ဖြစ်တဲ့အတွက် ကျစ်လျစ်ခိုင်မာတဲ့ တပ်တွင်း စည်းလုံးညီညွတ်ရေး အမြဲရှိနေဖို့ လိုအပ်မှာဖြစ်တယ်။

ဒါကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲစေဖို့အတွက် ချမှတ်ထားတဲ့ စစ်သည်တော်ကျင့်ဝတ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားကြပြီး တပ်မတော်သား များနဲ့ မိသားစုဝင်တွေဟာ မှန်ကန်တဲ့ အသိ၊ အမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီစွာနဲ့ ရဲဘော် ရဲဘက်စိတ်ထားရှိပြီး ညီအစ်ကို မောင်နှမသဖွယ်၊ မိသားစုသဖွယ် အပြန်အလှန်လေးစားမှု၊ အလေး ထားမှုတွေနဲ့ စည်းလုံးညီညွတ်စွာ နေထိုင်သွား ကြဖို့ မှာကြားလိုတယ်။

စာမျက်နှာ ၄ သို့ ❐

❐ စာမျက်နှာ ၃ မှ

ဒီလို တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာဖို့သာမက ပြည်သူလူထုနဲ့ စည်းလုံးညီညွတ်မှုခိုင်မာဖို့လည်း အရေးကြီးတယ်။ ဒို့တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ တစ်ခုတည်းသောတပ်မတော်ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာဖြစ်တဲ့အပြင် ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုလည်း ဘက်ပေါင်းစုံက တတ်နိုင်သမျှကူညီဆောင်ရွက်ပေးရမှာ ဖြစ်တယ်။

ဒို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားခံစားနေရတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ ပြည်သူလူထု၊ တပ်မတော်နဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ စုပေါင်းလက်တွဲကာ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့တယ်။ ဒါ့ကြောင့် နောက်ဖြစ်လာနိုင်ဖွယ်ရာ ကပ်ရောဂါလှိုင်းတွေကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းတွေအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ စနစ်တကျ နေထိုင်သွားလာမှုတွေကို ဒို့တပ်မတော်အနေနဲ့ ပြည်သူလူထုနဲ့အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်တယ်။

ဒို့တပ်မတော်ဟာ စနစ်တကျဖွဲ့စည်းထားပြီး အမြဲအသင့်ရှိတဲ့ အဖွဲ့အစည်းဖြစ်တာနဲ့အညီ မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ရင်လည်း လူသားချင်းစာနာထောက်ထားမှုနဲ့ ဘေးအန္တရာယ်ကယ်ဆယ်ရေး (Humanitarian Assistance and Disaster Relief–HADR) လုပ်ငန်းတွေကို "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုတဲ့အတိုင်း အမိန့်စောင့်ဖို့မလိုဘဲ အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ပေးရမယ်။ ဒါမှသာ တပ်နဲ့ပြည်သူ တစ်သားတည်းဖြစ်ပြီး တပ်ပြင်စည်းရုံးရေးဟာလည်း ခိုင်မာအားကောင်းလာမှာဖြစ်တယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်သားတွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိရမယ့်သူတွေဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေကြသူတွေဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး ဒို့တပ်မတော်သားတွေဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြတာဖြစ်တယ်။

ဒီလို မွန်မြတ်တဲ့ စိတ်ဓာတ်နဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ ဒို့တပ်မတော်သားများ ဘဝကို တန်ဖိုးထားဂုဏ်ယူပြီး စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံသွားကြရမယ်။ ဒါ့အပြင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လေးစားလိုက်နာမှု၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတွေနဲ့ မိမိတို့ရဲ့ဘဝကို ကြိုးစားမြှင့်တင်သွားကြရမယ်။

ဒို့တပ်မတော်သား တစ်ဦးချင်းကအစ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကာ စည်းကမ်းကောင်းတဲ့ တပ်မတော်၊ စည်းကမ်းရှိတဲ့ အဖွဲ့အစည်း၊ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်တဲ့ အဖွဲ့အစည်းအဖြစ် တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို ထိန်းသိမ်းသွားကြရမှာဖြစ်တယ်။ တပ်မတော်ကောင်းတစ်ရပ် ဖြစ်ဖို့အတွက် စစ်သားကောင်းများနဲ့ ခေါင်းဆောင်ကောင်းများကို ပေါင်းစပ်ဖွဲ့စည်းထားဖို့ လိုအပ်တယ်။ စစ်သားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် စစ်စည်းကမ်း ကောင်းမွန်ဖို့လိုအပ်ပြီး စစ်စည်းကမ်းကောင်းမွန်မှသာ အမိန့်နာခံတတ်မှုလည်း ရှိလာမှာဖြစ်တယ်။

ဒါ့ပြင် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေဖို့အတွက် အသိပညာ၊ အတတ်ပညာများပြည့်ဝပြီး အတွေ့အကြုံများကို အတွေးအခေါ်ကောင်းများနဲ့ ပေါင်းစပ်အသုံးချနိုင်ဖို့ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ရပ်နဲ့ ချိန်ထိုးဆောင်ရွက်သွားဖို့လိုတယ်။ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှု နှစ်ခုကို ပေါင်းစပ်ကျင့်သုံးလိုက်နာတဲ့ အခြေခံစစ်သားကောင်းများနဲ့ အတွေးအခေါ်ကောင်းမွန်တဲ့ ခေါင်းဆောင်ကောင်းများ ပေါင်းစပ်တည်ဆောက်ထားတဲ့ တပ်မတော်ဟာလည်း စွမ်းရည်ထက်မြက်တဲ့ တပ်မတော်ကောင်းတစ်ရပ်၊ ခိုင်မာမှုရှိတဲ့ အင်အားစုတစ်ခုအဖြစ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းအားပြည့် ထမ်းဆောင်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

တပ်မတော်သားတိုင်းဟာ အသက်ခန္ဓာကို ပဓာနမထားဘဲ နိုင်ငံတော်ကို ကာကွယ်ရန်ဆိုတဲ့ အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနဲ့ မိမိတို့ သဘောဆန္ဒအလျောက် တပ်မတော်ထဲ ဝင်ရောက်တာဝန်ထမ်းဆောင်နေမှုအပေါ်မှာ ဂုဏ်ယူပြီး နိုင်ငံတော်နဲ့ တပ်မတော်က အားကိုးအားထားပြုရတဲ့ စစ်သည်တော်ကောင်းတွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုတွေ ရှိလာစေဖို့အတွက် ကမ္ဘာ့နိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေနဲ့ အမြဲထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်နေကြရတယ်။ ဒါ့အပြင် သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေဟာ နိုင်ငံတစ်နိုင်ငံတည်းမှာသာ တွေ့ကြုံနေရတာမဟုတ်ဘဲ ဒေသတွင်းနိုင်ငံများသာမက ကမ္ဘာတစ်ဝန်းမှာ နိုင်ငံဖြတ်ကျော်မှုအသွင်နဲ့ ရင်ဆိုင်နေကြရတာဖြစ်တယ်။

ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာတပ်မတော်တွေနဲ့ ဆက်ဆံရေးမြှင့်တင်ပြီး ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိတယ်။ မျက်မှောက်ကာလမှာ ကမ္ဘာ့နိုင်ငံတွေကို အဓိက ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ဆောင်မှုတွေကို ကာကွယ်တိုက်ဖျက်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ အာဆီယံအပေါင်း နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့နဲ့ ပူးပေါင်းပြီး ဒေသတွင်း ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများမှာ တက်ကြွစွာပါဝင်လျက်ရှိတယ်။

အခုလို နိုင်ငံတကာတပ်မတော်တွေနဲ့ ပူးပေါင်းဆောင်ရွက်နေမှုတွေဟာ ဒို့တပ်မတော်ရဲ့စွမ်းရည်ကို ပိုမိုတိုးတက်မြင့်မားလာစေပြီး နိုင်ငံတော်ကာကွယ်ရေးစွမ်းအားကို ပိုမိုအထောက်အကူဖြစ်စေတဲ့အတွက် ဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံတကာတပ်မတော်များနဲ့ ကောင်းမွန်ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် တိုင်းရင်းသားအားလုံးရဲ့ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ မျိုးချစ်စိတ်ဓာတ်၊ ရဲစွမ်းသတ္တိ၊ စည်းလုံးညီညွတ်မှုအားတွေနဲ့ လွတ်လပ်ရေးကြိုးပမ်းရယူခဲ့ကြတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကြောင့် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ ခိုင်မာမှုနဲ့ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်ရေးဟာ ရှိသင့်သလောက်မရှိဘဲ ခွန်အားတွေ၊ စွမ်းအားတွေ ဆုံးရှုံးခဲ့ရပြီး အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေထက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအဟန့်အတားဖြစ်စေတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများရှိသလို မဖြစ်နိုင်တဲ့ တောင်းဆိုမှုတွေကြောင့် အောင်မြင်မှုမရရှိခဲ့တဲ့ အဖွဲ့အစည်းတွေလည်းရှိတယ်။

၂၀၁၀ ပြည့်နှစ်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် တပ်မတော်က ကမကထပြုဆောင်ရွက်ပေးခဲ့ပြီးနောက်ပိုင်း ပါတီစုံဒီမိုကရေစီ အစိုးရများကာလမှာ ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့တယ်။ ကိုယ်စားလှယ်အသီးသီးဟာ အဆင့်ဆင့် ဆွေးနွေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့တယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့လို့ ဆိုရာမှာ လွတ်လပ်ရေးမရခင်နဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ အယူဝါဒရေးရာအရ သဘောထားမတိုက်ဆိုင်တဲ့အတွက် လက်နက်ကိုင်ရတဲ့ အဖွဲ့အစည်းတွေရှိသလို ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲပြီးမှ ဒီမိုကရေစီကို မျက်ကွယ်ပြုပြီး ပေါ်ပေါက်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ရှိတယ်။ ဒါ့အပြင် ၂၀၂၀ ရွေးကောက်ပွဲပြီးမှ လက်နက်ကိုင်အကြမ်းဖက်လာတဲ့အဖွဲ့တွေလည်း ရှိလာတယ်။ လက်ရှိအချိန်မှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုများဟာ အချို့သော EAOs များထံက မြစ်ဖျားခံလာခဲ့တာ တွေ့ရမှာဖြစ်တယ်။

တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အကြမ်းဖက်အဖွဲ့တွေနဲ့ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံတဲ့အဖွဲ့တွေကလွဲရင် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်သလို လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်တယ်။

လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ဒို့နိုင်ငံအနေနဲ့ တိုင်းရင်းသားအားလုံး စုစည်းကြိုးပမ်းမှုကြောင့် လွတ်လပ်ရေးရရှိခဲ့တာ (၇၅) နှစ် ပြည့်မြောက်မှာဖြစ်တယ်။ အခုလို စိန်ရတုလွတ်လပ်ရေးနေ့ အကြိုကာလမှာ တိုင်းပြည်ရဲ့ လွတ်လပ်ရေး အစွန့်ရှည်ကြာ တည်တံ့ရေးနဲ့ နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးကို ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်တယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ လေးနှစ်ကျော်ကာလ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတယ်။

ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းချက်တွေနှင့်အတူ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမှာဖြစ်ကြောင်း ရဲဘော်တို့ကို အသိပေးလိုတယ်။

ဒို့တပ်မတော်အနေနဲ့ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး၊ အကြမ်းဖက်နှိမ်နင်းရေးတွေကို လုပ်ဆောင်နေရတာတွေရှိတယ်။ အပြစ်မဲ့ပြည်သူများနဲ့ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး ဝန်ထမ်းတွေကို အကြောင်းမဲ့ သတ်ဖြတ်ပြီး နိုင်ငံအတွင်း အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေရဲ့ ဘဝလုံခြုံမှုကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ၎င်းတို့ကို ထောက်ခံပံ့ပိုးနေတဲ့ အဖွဲ့တွေကိုတော့ တွေ့ဆုံဆွေးနွေးမှာမဟုတ်ဘဲ နိုင်ငံတည်ငြိမ်အေးချမ်းသည်အထိ နှိမ်နင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အစိုးရအဖွဲ့အစည်းတွေနဲ့ တပ်မတော်တွေဟာလည်း ဘယ်အကြမ်းဖက်အဖွဲ့အစည်းနဲ့မှ တွေ့ဆုံဆွေးနွေးမှုတွေ

စာမျက်နှာ ၅ သို့ ❐

**❍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအဟန့်အတားဖြစ်စေတဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့အတွက် တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြတယ်။ ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ခဲ့တဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ ရှိသလို မဖြစ်နိုင်တဲ့ တောင်းဆိုမှုတွေကြောင့် အောင်မြင်မှုမရရှိခဲ့တဲ့ အဖွဲ့အစည်းတွေလည်းရှိ**

**❍ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အကြမ်းဖက်အဖွဲ့တွေနဲ့ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံတဲ့အဖွဲ့တွေကလွဲရင် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်သလို လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်**

❒ စာမျက်နှာ ၄ မှ

ပြုလုပ်တာမရှိကြောင်း အသိပေးလိုတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အနေနဲ့လည်း အကြမ်းဖက်လုပ်ရပ်တွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေကို ကူညီထောက်ပံ့ပေးတာတွေ မလုပ်ကြဖို့နဲ့ ဥပဒေဘောင်အတွင်းမှာ နေထိုင်ကြဖို့ ဒီနေရာကနေ တိုက်တွန်းလိုတယ်။

ဒါ့ပြင် တစ်ဖက်သတ်တောင်းဆိုမှုတွေမလုပ်ဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ကို မွေးမြူကြပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာ အမြန်ဆုံး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။ တပ်မတော်အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမယ့်အချက်တွေကို လက်မခံဘဲ နိုင်ငံသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုတယ်။

ခြိမ်းခြောက်အကျပ်ကိုင်မှုရှိတဲ့ အခြေအနေမျိုးဟာ တရားမျှတတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ဘူး။ လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဟာ တည်ငြိမ်အေးချမ်းမှုရှိပြီး လက်နက်ကိုင် အနိုင်ကျင့်ခြိမ်းခြောက်ဗိုလ်ကျမှုများနဲ့ ကင်းစင်ဖို့ အရေးကြီးတယ်။

**ရဲဘော်တို့**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်ခဲ့တဲ့ အလွန်ဆိုးဝါးတဲ့ မဲစာရင်းမှားယွင်းမှုတွေအပေါ် တပ်မတော်အနေနဲ့ ဖြေရှင်းပေးဖို့ အကြိမ်ကြိမ် တောင်းဆိုခဲ့ပေမယ့်လည်း ဖြေရှင်းပေးခြင်း မရှိခဲ့တဲ့အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့ အာဏာအရပ်ရပ်ကို မသမာတဲ့နည်းလမ်းနဲ့ အဓမ္မရယူဖို့ ကြံစည်ကြိုးပမ်းမှုတွေကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာရပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီးတော့ နိုင်ငံတော်ရဲ့တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေရတာ ရဲဘော်တို့အသိပဲ ဖြစ်တယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစကာလက ဆူပူဆန္ဒပြမှုတွေ၊ ကန့်ကွက်မှုတွေ၊ ထောက်ခံမှုတွေ မျိုးစုံရှိခဲ့တယ်။ နောက်ပိုင်းမှာ သာမန်ဆန္ဒပြမှုအဆင့်ကတစ်ဆင့် အကြမ်းဖက်မှု၊ ဖောက်ခွဲမှု၊ လုယက်မှု၊ သတ်ဖြတ်မှုတွေအထိ ဆောင်ရွက်လာခဲ့ကြတယ်။ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နိုင်ငံအတွင်း စီးပွားရေးနဲ့ပတ်သက်ပြီး ထိခိုက်ခဲ့ရတာတွေရှိတဲ့အတွက် တပ်မတော်အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဆက်လက်လျှောက်လှမ်းနိုင်ဖို့အတွက် ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်နေရတယ်။

**ရဲဘော်တို့**

တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေတဲ့အချိန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ချမှတ်ကာ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်တယ်။ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် မဲစာရင်းစိစစ်ဆေးတာတွေ၊ မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ကို ကိုင်ဆောင်ကာ ဆန္ဒမဲပေးနိုင်ဖို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စီမံချက်ထားပြီး ဆောင်ရွက်တာတွေကို တစိုက်မတ်မတ် လုပ်ဆောင်နေတယ်။ မှန်ကန်တဲ့မဲစာရင်းများ ဖြစ်စေရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်နေတယ်။

ဗီဇပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ပတ်သက်ပြီး နောက်ထပ် ကူးစက်လှိုင်းမဖြစ်စေဖို့၊ ရောက်ရှိမလာစေဖို့အတွက် ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကိုလည်း အထူးအလေးထား ဆောင်ရွက်နေတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရတဲ့ ပညာရေးနဲ့ စီးပွားရေးကဏ္ဍတွေကို ပြန်လည်ကုစားနိုင်ဖို့အတွက် ယခုလက်ရှိမှာ အခြေခံပညာကျောင်းတွေနဲ့ အဆင့်မြင့်ပညာကျောင်းတွေဖြစ်တဲ့ တက္ကသိုလ်တွေကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသားလူငယ်တွေရဲ့ ပညာသင်အရွယ်ကာလတွေကို အလဟဿကုန်ဆုံးမသွားစေဘဲ ပညာရေးအဆင့်အတန်းမြင့်မားစေဖို့ ဆောင်ရွက်ပေးလျက်ရှိတယ်။ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အားလုံးတို့ကို ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ကွာခြားမှုလျော့နည်းစေဖို့အတွက်လည်း ကဏ္ဍပေါင်းစုံမှာ ဖြစ်နိုင်သမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါ့ကြောင့် တစ်ဖက်က နိုင်ငံတော်အနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရမှာဖြစ်သလို မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း ကိုယ်တိုင် ကြိုးစားဆောင်ရွက်ကြရမှာဖြစ်တယ်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ကောင်းမွန်စွာ စီမံခန့်ခွဲပေးကြရမယ်။

ဒီလိုကြိုးပမ်းဆောင်ရွက်ရာမှာ အဖျက်အမှောင့်လုပ်ငန်းတွေက အဓိကအဟန့်အတားအဖြစ် ရှိနေတယ်ဆိုတာကိုလည်း သတိပြုဖို့ လိုအပ်တယ်။ ဒါ့ကြောင့် တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှုသာ လူမှုဘဝတိုးတက်မြင့်မားစေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွေကို အလေးထားဆောင်ရွက်နိုင်မှာဖြစ်တယ်။ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ခြင်းအပါအဝင် ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒို့တပ်မတော်သားတွေကလည်း ကျရာနေရာမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရင်း အထက်ပါ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ် အောင်မြင်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာဖြစ်တယ်ဆိုတာ ရဲဘော်တို့ကို အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ဘုရင်တွေဟာ ဒေသအလိုက် အပိုင်စား၊ နယ်စား၊ မြို့စား၊ ရွာစားတွေကို အုပ်ချုပ်ပိုင်ခွင့်တွေပေးအပ်ပြီး ဘုရင့်ထံမှာ သစ္စာခံစေခဲ့တဲ့ အုပ်ချုပ်မှုစနစ်ကျင့်သုံးခဲ့တာကို တွေ့ရှိရတယ်။ ညောင်ရမ်းခေတ် သာလွန်မင်းလက်ထက် (အေဒီ-၁၆၃၇) ကစပြီး အရပ်ရပ်အုပ်ချုပ်ရေး အမိန့်တော်ထမ်း၊ ရာထူးအလျောက်စီရင်ပိုင်ခွင့်အာဏာများ ထုတ်ပြန်တာဝန်ပေးအပ်ခဲ့တယ်။ ဘုရင်က တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး စနစ်တကျ အုပ်ချုပ်တဲ့စနစ်ကို ကျင့်သုံးခဲ့တယ်။

လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း ဒို့နိုင်ငံဟာ ကိုလိုနီစနစ်အောက်မှာ တောင်တန်းဒေသနဲ့ ပြည်မကို အုပ်ချုပ်ရေး ၂ ခု ခွဲခြားအုပ်ချုပ်ခံခဲ့ရတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်မှာလည်း အစိုးရအဆက်ဆက်က ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ် အပါအဝင် အုပ်ချုပ်မှုစနစ်အမျိုးမျိုးနဲ့ အုပ်ချုပ်ခဲ့ကြတာကို တွေ့ရမှာဖြစ်တယ်။ ဒို့နိုင်ငံဟာ နေရာဒေသအလိုက် ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု စတဲ့ မတူကွဲပြားမှုများစွာနဲ့ သမိုင်းအစဉ်အဆက်မှာ အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပြီး ရေမြေပိုင်နက် နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲပြီး ခိုင်မာတဲ့ သမိုင်းကြောင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။

ဒီလိုသမိုင်းကြောင်း အစဉ်အဆက်မှာ တိုင်းရင်းသားများနဲ့ ပေါင်းစည်းနေထိုင်လာခဲ့တဲ့ ပြည်ထောင်စုဖြစ်တဲ့အပြင် ဒို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် **“ပြည်ထောင်စု (Union)”** ဆိုတဲ့စကားကို ရွေးချယ်ပေးခဲ့တာဖြစ်တဲ့အတွက်မိမိတို့အနေနဲ့ အလေးထားအကောင်အထည်ဖော်နေတာဖြစ်တယ်။

ပြည်သူကရွေးချယ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်သွားဖို့လိုတယ်။ ဒီမိုကရေစီဆိုတာဟာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာ **လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခွဲဝေခံစားစေတာ ဖြစ်တယ်။** ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲ အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ပြီး တည်ဆောက်သွားကြရမယ်။

ဒါ့ကြောင့်လည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနဲ့အညီ အခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့နဲ့ တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်တဲ့ ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်နေတယ်။

ဒီလို ဆောင်ရွက်နေတာဟာ တပ်မတော်အနေနဲ့ နိုင်ငံရေးလုပ်နေတာ မဟုတ်ဘဲ နိုင်ငံ့အရေးဖြစ်တဲ့ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ကို ပုံဖော်နေတာ ဖြစ်တဲ့အတွက် တိုင်းရင်းသားပြည်သူအားလုံးနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အမျိုးသားနိုင်ငံရေးတာဝန်တွေကို သစ္စာရှိရှိ ကျေပွန်စွာ ထမ်းဆောင်နေတာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

**နိဂုံးချုပ်အနေနဲ့**

(၇၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များဖြစ်တဲ့-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။
- နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများ ဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားတာဝန်ယူဆောင်ရွက်ရေး။
- အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့်လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။
- နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဆိုတဲ့ ဦးတည်ချက်များနဲ့အညီ ဆက်လက်ထမ်းဆောင်သွားကြပါလို့ တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်တယ်။

**❍ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ခြင်းအပါအဝင် ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒို့တပ်မတော်သားတွေကလည်း ကျရာနေရာမှာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်ရင်း အထက်ပါ အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ် အောင်မြင်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမှာဖြစ်တယ်ဆိုတာ ရဲဘော်တို့ကို အသိပေးပြောကြားလို**

**❍ ဒီမိုကရေစီဆိုတာဟာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာ လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခွဲဝေခံစားစေတာဖြစ်တယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲ အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့ စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ပြီး တည်ဆောက်သွားကြရမယ်။**

☆ ရှေ့ဖုံးမှ

ဦးစွာ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**ချီတက်နေရာယူ**

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌နေရာယူကြပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာထွန်း ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် ရဲကျော်သူ ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မိုးဇော်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ပိုင်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁) တို့ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ကိုယ်စားပြု (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၄)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၅)နှင့် ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း) ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၆)တို့ ပါဝင်သည့် အောင်ဇေယျ စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်ဝင်းထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ဇော်မြင့်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီစစ်ရေးပြတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

**ချီတက်**

စစ်ကြောင်းမှူး ရဲမှူးချုပ် လူလူသန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ရုပ်ရှင်အနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြကာ စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။ ယင်းနောက် ဗိုလ်ကြီး ဒေါ်မေမြတ်မူ ဦးဆောင်သည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲနှင့် ဗိုလ်မှူး ဖြိုးမောင်မောင်ဝင်း ဦးဆောင်သည့် တပ်မတော်(ရေ) အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့က စစ်ရေးပြကွင်းအတွင်းသို့ ဆက်လက်ရောက်ရှိနေရာယူကြသည်။

**စာမျက်နှာ ၇ သို့ »»»**






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။**



(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



»»» စာမျက်နှာ ၆ မှ

အဆိုပါ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည် သတ္တိဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟို အကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား (အငြိမ်းစား)ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့ အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတ အစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

## လိုက်လံစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၃၊ ၄၊ ၅ တွင် ဖော်ပြထားပါသည်။)**

## ချီတက်အလေးပြု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MI-17 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် နှစ်စင်းတို့က "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ"နှင့်

**စာမျက်နှာ ၈ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ် ကြိုဆိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ် ကြိုဆိုစဉ်။



(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

»»» စာမျက်နှာ ၇ မှ

“တပ်မတော်အလံ”တို့ကို ချိတ်ဆွဲ၍ လည်းကောင်း၊ H–120 ရဟတ်ယာဉ် သုံးစင်းနှင့် H–125 ရဟတ်ယာဉ် နှစ်စင်းတို့က အမျိုးအစားမတူ မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း Composite Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Y–12 အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်သုံးစင်းက Vic Formation ပုံစံဖြင့်လည်းကောင်း၊ ATR–42 အမျိုးအစား ပင်လယ်ပြင်ကင်းထောက် လေယာဉ်တစ်စင်းနှင့် BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူအုပ်ဖွဲ့ပျံသန်းခြင်း Composite Vic Formation ပုံစံဖြင့် လည်းကောင်း။

**သရုပ်ပြပျံသန်း**

ထို့နောက် K–8 အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ၃ နှင့် Yak–130 အပေါ့စား တိုက်ခိုက်ရေးလေယာဉ် နှစ်စင်းတို့က အမျိုးအစားမတူ မြားခေါင်းပုံအုပ်ဖွဲ့ပျံသန်းခြင်း Composite Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ K–8 W အပေါ့စား တိုက်ခိုက်ရေး လေယာဉ် ငါးစင်းက မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း Arrow Head Formation ပုံစံဖြင့်ပျံသန်းပြီး နိုင်ငံတော်အလံကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍လည်းကောင်း၊ Fokker 70 သယ်ယူပို့ဆောင်ရေးလေယာဉ် တစ်စင်းနှင့် MiG–29 ဘက်စုံသုံး တိုက်ခိုက်ရေး လေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်းခြင်း Composite Vic Formation ပုံစံဖြင့် လည်းကောင်း၊ Yak–130 အပေါ့စား တိုက်ခိုက်ရေး လေယာဉ် ငါးစင်းတို့က မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ K–8 W အပေါ့စား တိုက်ခိုက်ရေး လေယာဉ် ငါးစင်းက ဒုတိယအကြိမ် မြားခေါင်းပုံ အုပ်ဖွဲ့ပျံသန်းခြင်း Arrow Head Formation ပုံစံဖြင့်ပျံသန်း ပြီး နိုင်ငံတော်အလံကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ F–7 ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ်ငါးစင်းက မြားခေါင်းပုံအုပ်ဖွဲ့ပျံသန်းခြင်း Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ MiG–29 ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ် ငါးစင်းက မြားခေါင်းပုံစံအုပ်ဖွဲ့ပျံသန်းခြင်း Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ MiG–29 ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ် ငါးစင်းက ဒုတိယအကြိမ်အဖြစ် Fan Break ခေါ် ယပ်တောင်ပုံ ခွဲထွက်ပျံသန်းပြီး Flare မီးကျည်များပစ်လွှတ်၍ လည်းကောင်း အသီးသီး သရုပ်ပြပျံသန်း ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာပြီး ၂၀၂၂ ခုနှစ် (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

**ခံ့ညားစွာ စိုက်ထူထား**


(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ် အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွှင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်သည်။

ထို့အပြင် (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်–မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သိရသည်။

**သတင်းစဉ်**




(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်လာသည့် စစ်ကြောင်းကြီးများအား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။





# (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းညှော့ခံသည့် ၂၀၂၂ ခုနှစ် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့ စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့နှင့် ၎င်းတို့၏ ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်း၊ တပ်ရင်းမှူးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့်ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား (အငြိမ်းစား) ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ ဝိုင်အမ်ဘီအေ အသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအသင်းဗဟိုတို့မှ တာဝန်ရှိသူများ၊ တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဖိတ်ကြားထားသည့် အနုပညာရှင်များ၊ တပ်မတော်နေ့အလှူရှင်များ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံးနှင့် သေနင်္ဂဗျူဟာလေ့လာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ညှော့သည်တော်များ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

**မောင်းနှင်အလှပြဂုဏ်ပြု**

ထို့နောက် (၇၇)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် Drone ယာဉ်ငယ်များကိုအုပ်စုဖွဲ့၍ စစ်ရေးပြကွင်းအဝင်မုခ်ဦးနှင့် 77th ARMED FORCES DAY စာတန်း၊ (၇၇) နှစ်မြောက်တပ်မတော်နေ့ စာတန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံ၊ နိုင်ငံတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သင်္ကေတ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တံဆိပ်များ၊ မင်းကြီးသုံးပါးရုပ်တု၊ တင့်ကား၊ တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်တို့၏ ပုံသဏ္ဌာန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အလေးပြုနေသည့် ပုံသဏ္ဌာန်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုပါသည်စာတန်းနှင့် မီးရှူးမီးပန်း ပစ်ဖောက်နေပုံတို့ကို Drone ယာဉ်ငယ်ပေါင်းများစွာကိုအသုံးပြု၍ မောင်းနှင်အလှပြ ဂုဏ်ပြုကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက သီဆိုဖျော်ဖြေခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဇေယျာသီရိဗိမာန် သဘင်ဆောင်အတွင်း၌ စစ်သည်၊ စစ်သမီးများ၊ နိုင်ငံကျော်အနုပညာရှင်များက မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ မြန်မာသံစဉ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုပန်းခြင်းပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှော့ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



(၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် မီးရှူးမီးပန်းပစ်ဖောက် ဂုဏ်ပြုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြုကန်တော့ကြစဉ်။

# (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၇**

ယနေ့ ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**ဂါရဝပြုကန်တော့**

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၂၅ ဦးနှင့် ဇနီး ၁၆ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက် ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုစကားပြောကြားရာတွင် ယခုကဲ့သို့ (၇၇)နှစ်မြောက် တပ်မတော်နေ့တွင် ဂါရဝပြုကန်တော့ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြား၍ ခေတ်အဆက်ဆက် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ခဲ့မှုနှင့် လက်ဆင့်ကမ်းတာဝန်ထမ်းဆောင်နေမှုအခြေအနေ၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ထောင်စုမပြိုကွဲရေးအတွက် တပ်မတော်မှ မားမားမတ်မတ်ရပ်တည်ကြိုးပမ်း ဆောင်ရွက်နေမှုအခြေအနေ၊ မလွှဲသာသည့်အခြေအနေတွင် တပ်မတော်မှ နိုင်ငံတော်၏တာဝန်အရပ်ရပ်အား လွှဲပြောင်းတာဝန်ယူခဲ့ရမှုအခြေအနေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ် သူရစောဖြူ (အငြိမ်းစား)နှင့် ဗိုလ်ချုပ်ကြီး သိန်းစိန်(အငြိမ်းစား) တို့က ဩဝါဒစကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❂ ကျောဖုံးမှ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းမေးမြန်းအားပေးစကားပြောကြားပြီး အားဖြည့်ဌက်သိုက်များနှင့် ဂါရဝပြုချီးမြှင့်ငွေများကို ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များနှင့်အတူ လက်ဖက်ရည်နှင့်စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံစဉ်။

# (၇၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**နေပြည်တော် မတ် ၂၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **“အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့”** ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဂုဏ်ပြုလွှာပေးအပ်**

ဦးစွာ တပ်မတော်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက်၂၀၂၀ပြည့်နှစ် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ဂုဏ်ပြုသီချင်းဖြစ်သည့်**“သားကောင်း ဒို့စစ်သည်”** စစ်ချီသီချင်းအားရေးသားစပ်ဆိုခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းအား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်သည်။

ယင်းနောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက **“အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့”** ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် ဦးသိန်းထွန်းအောင်၊ ဒါရိုက်တာ ဗိုလ်မှူးတင်အောင်စိုး (ပန်းမြို့တော်)၊ တွဲဖက်ဒါရိုက်တာ ထွန်းကျောက်ခဲ၊ ဟန်စိုး(မြစ်ကျိုး)၊ ရိုက်ကွင်းတာဝန်ခံနှင့် အုပ်ချုပ်မှုတာဝန်ခံ ဗိုလ်မှူး နေဝမ်းထွန်း၊ သရုပ်ဆောင်များဖြစ်ကြသည့် တေဇာကျော်၊ မုဏ်း၊ စုလင်းရှိန်၊ မိုးကောင်းကင်၊ ရှင်းသန့်ရွှေ၊ ထူးပြည့်အောင်၊ နေရောင်၊ သီဟနိုင်၊ စစ်နိုနိုဗိုလ်၊ ယမုံမြင့်မြတ်၊ ရွှန်းလဲ့ရည်ဖူး၊ ပိုင်စစ်မှူး၊ ဖွဲ့ဝီရ၊ အောင်ဘုန်းထွဋ်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊

တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက (၇၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုစစ်ချီ သီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ဒုတိယအရာခံဗိုလ် သက်ဝင်းလှိုင်၊ ဒုတိယဆုရရှိသူ မျိုးမြင့်ရန်နောင်၊ စတုတ္ထဆုရရှိသူ အုပ်ခွဲတပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ ပဉ္စမဆုရရှိသူ တပ်ကြပ်ကြီး အောင်မိုးတင့်၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသူ ဇာမဏီ၊ ဒုတိယဆုရရှိသူ သက်နောင်၊ တတိယဆုရရှိသူ မင်းခန့်လှိုင်(ရွှေဘို)၊ စတုတ္ထဆုရရှိသူ မြင့်မြတ်ဦး(မြဝတီ)၊ ပဉ္စမဆုရရှိသူ ဒုတိယတပ်ကြပ် လှိုင်ဝင်းထွန်း(လက်ရုံး)၊ ကဗျာ(ဝါသနာရှင်)ပြိုင်ပွဲတွင် ပထမဆုရရှိသူ အမောင်၊ တတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ စတုတ္ထဆုရရှိသူ ကောင်းခြိမ့်ကျော်၊ ပဉ္စမဆုရရှိသူ အောင်မင်းကျော်(ပညာ)၊ ကဗျာ(အလွတ်တန်း)ပြိုင်ပွဲတွင် ပထမဆုရရှိသူ ရဲမင်းစိုးတို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများဖြစ်ကြသည့် ဂုဏ်ပြုကဗျာ (အလွတ်တန်း)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ ကိုကို(ရေနံ့သာ)၊ တတိယဆုရရှိသူ ဘုန်းမောင်ဝင်း (ဖျာပုံ)၊ စတုတ္ထဆုရရှိသူ မောင်ရေမွှေး(ပေလေးပင်)၊ ပဉ္စမဆုရရှိသူ ဦးဆင်ကျော်၊ ဂုဏ်ပြုဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ တက္ကသိုလ်မြမွှေး၊ ဒုတိယဆုရရှိသူ ကြယ်စင်သုတ၊ တတိယဆုရရှိသူ မိုးထက်ဝေယံ၊ စတုတ္ထဆုရရှိသူ နွေးထက်လှိုင်၊ ပဉ္စမဆုရရှိသူ ယဉ်မွှေးပန်း (ဟဲဟိုး)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသူ နေဇင်(ပေါက်ခေါင်း)၊ ဒုတိယဆုရရှိသူ မောင်မောင်လွင်(ရွှေဘိုသား)၊ တတိယဆုရရှိသူ မောင်စူးရှ(အနောက်ရိုးမ)၊ စတုတ္ထဆုရရှိသူ ရဲမင်းစိုး၊ ပဉ္စမဆုရရှိသူ ပင်မြင့်စံ(ရွှေဘို)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိုးနှံပေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၅၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၇၇၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၄၄၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၂၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၄၃၇၉ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယမန်နေ့နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် မူဆယ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားစစ်ကြောင်း ချီတက်မှု ပုံရိပ်များ











# (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းများ ချီတက်မှုပုံရိပ်များ





















# (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

**အလေးပြု**

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲကျော်သူ ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် ဂုဏ်ပြုဆုများဖြစ်သည့် အလံအဖွဲ့ အကောင်းဆုံးဆုနှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုများ ရရှိကြသည့် တပ်မတော်(ရေ)အထူးတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲ၊ တပ်မတော်(လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုယန္တရားတပ်ခွဲ၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) (အမျိုးသမီး) ကိုယ်စားပြုအလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသည့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့ အကောင်းဆုံးဆုရရှိသည့် အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့တို့ကို စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) (အမျိုးသမီး)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ (၂)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ စစ်ချီသီချင်း အကောင်းဆုံး တတိယဆုရရှိသည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသည့် ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) စစ်ရေးပြ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ စစ်စည်းကမ်း အကောင်းဆုံး ဒုတိယဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေး မှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား) စစ်ရေးပြ ပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၁)၊ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြ ပထမဆုရရှိသည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ စစ်ချီသီချင်း အကောင်းဆုံး ပထမဆုရရှိသည့် လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြု တပ်ခွဲနှင့် စစ်ရေးပြအကောင်းဆုံး ပထမ ဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြား ရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ တို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ဒိုင်းဆုများနှင့် ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၇၇)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက စံပြတပ်ခွဲ တတိယ ဆုရရှိသည့် ဆက်သွယ်ရေးညွှန်ကြား ရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် စံပြတပ်ခွဲ ပထမဆုရရှိသည့် ကာကွယ် ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲများကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေး မှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မော်လမြိုင် မတ် ၂၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုး**

ပြည်နယ်ဝန်ကြီးချုပ်က ဒေသနှင့် ကိုက်ညီသည့် ဆောင်းသီးနှံများဖြစ်ကြသည့် မြေပဲ၊ နေကြာ၊ နှမ်း ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အခြေခံသည့်ကုန်ထုတ်လုပ်မှုများ သိပ္ပံနည်းကျခေတ်မီနည်းစနစ်ဖြင့် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၄၀၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး မြေသားလမ်းနှင့် ဂဝံခင်းခြင်း ၇ ဒသမ ၇၃ မိုင်ရှိကာ အကျိုးပြုအိမ်ထောင်စု ၃၂၈ စုနှင့် အကျိုးပြုစိုက်ပျိုးဧက ၅၃၀ အား အထောက်အကူပြုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ နေထိုင်ရာ ဒေသအသီးသီးတွင် ဆန်ရေစပါး ပေါကြွယ်ဝစေရေး၊ နွေစပါးအပါအဝင် ဆောင်းသီးနှံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်နေမှု ဖွံ့ဖြိုးတိုးတက်စေရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကျင်းပ

**စစ်တွေ မတ် ၂၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက တပ်မတော်နေ့ မိန့်ခွန်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာအောင်ကျော်မင်း၊ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်ကြသူများက စစ်တီးဝိုင်းတပ်စု၏ စစ်တီးဝိုင်းသရုပ်ပြသခြင်း၊ ရဲမေများ၏ တပ်စိတ်တိုက်စစ်သရုပ်ပြသခြင်း၊ စစ်သည်များ၏ ယုံကြည်မှု ကွင်းအတားအဆီးများဖြတ်ကျော်သရုပ်ပြသခြင်း၊ ရဲမေများ၏ လေဖိအားသုံး စိန်ပြောင်း သရုပ်ပြသခြင်း၊ လက်နက်ငယ် ဖြုတ်/တပ် သရုပ်ပြသခြင်းနှင့် လက်နက်ကြီး (စိန်ပြောင်း) သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တိုင်းအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် အရာရှိစစ်သည်များနှင့် သရုပ်ပြသကြသည့် ရဲမေများအား တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက (၇၇) နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် သရုပ်ပြသကြသည့် ရဲမေများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၂၇**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်မဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့က သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အရှိန်မဟုန်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ကျွဲသတ်ကျေးရွာအုပ်စု တောင်သူဦးမျိုးမြင့်၏ ဆီထွက်သီးနှံ ဆင်းရွှေကြာ(၂) နေကြာမျိုးစိုက်ခင်း ရိတ်သိမ်းနေမှုနှင့် သဲဖြူကျေးရွာ တောင်သူဒေါ်အေးစန်း၏ (GW-11) နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို သွားရောက်ကြည့်ရှုသည်။

**ဓာတ်မြေဩဇာကြဲပက်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစားအစာ အပင်စိုက်ခင်း (နေပီယာမြက်) စိုက်ပျိုးထားရှိမှုနှင့် ဂွေးတောက်ကွင်းကျေးရွာရှိ (GW-11) နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း ဓာတ်မြေဩဇာကြဲပက်နေမှုအား ကြည့်ရှုအားပေးသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ သပြေကုန်းကျေးရွာ၌ ဦးစိုးနိုင်၏ အသားတိုးဝက်မွေးမြူရေးခြံနှင့် နတ်တလင်းဘူတာပြန်လည် အဆင့်မြှင့်တင်နိုင်ရေး၊ နတ်တလင်းဆေးရုံသစ် ဆောက်လုပ်မည့်နေရာ မြေဖို့ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ရက်ကန်းသင်တန်း သင်ကြားနေမှုကို ကြည့်ရှုခဲ့ပြီး သင်ကြားရေးဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

## တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းကမ်းများနှင့်အညီ ရိုးသားကြိုးစားစွာလုပ်ကိုင်

**မြစ်ကြီးနား မတ် ၂၇**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဝိုင်းမော်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ဝိုင်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဝိုင်းမော်မြို့နယ်သည် မြန်မာ-တရုတ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်ရှိနေပြီး ကုန်စည်စီးဆင်းရာလမ်းကြောင်းပေါ်တွင် အဓိကကျသည့် မြို့နယ်ဖြစ်သည့်အတွက် အချိန်တိုအတွင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ထို့ကြောင့် မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းတာဝန်များကိုကြိုးပမ်းဆောင်ရွက်ကြရေး၊ တာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းစည်းကမ်းများနှင့်အညီ ရိုးသားကြိုးစားစွာလုပ်ကိုင်ဆောင်ရွက်ကြရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကျောင်းသား ကျောင်းသူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေးကိုလည်း ဌာနဆိုင်ရာများက အလေးထား ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများက မြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြည့်မီစွာ ထိုးနှံပေးနိုင်ရေး ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများ၊ မကြာမီ ကျင်းပတော့မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် လုံခြုံရေးဆိုင်ရာ စီမံချက်ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝင်းအတွင်းရှိ မြို့နယ်တရားရုံး၌ တရားသူကြီးနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ တရားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တရားရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ဝိုင်းမော်မြို့ အမှတ်(၂) ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာကျောင်းဝင်းအနီး မြို့နယ်တရားရုံးအသစ် တည်ဆောက်ပေးနိုင်ရေး မြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ

**စဉ့်ကိုင် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့မွန်းလွဲ ၁ နာရီက စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းနှင့်ပူးပေါင်း၍ စာရေးဆရာမြင့်ကျော်၏ “ခယောင်းလမ်းမှသည် ပန်းလွင်ပြင်ဆီသို့” စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲဆောင်ရွက်ခဲ့ကြောင်းသိရသည်။

စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက စာဖတ်ဝါသနာပါသူများ၊ စာပေချစ်မြတ်နိုးသူများ ၊ စာဖတ်ပရိသတ်များနှင့် စာဖတ်ဝိုင်းကျင်းပပြုလုပ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားခြင်း၊ စာဖတ်သည့်အလေ့အထများ ပိုမိုတိုးတက်ရရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာရှေ့နေဦးဝင်းကြည်က စာရေးဆရာမြင့်ကျော်၏ “ခယောင်းလမ်းမသည် ပန်းလွင်ပြင်ဆီသို့” စာအုပ်ပါ စာပေလမ်းရဲ့အစ ခရီးခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။




ဆက်လက်၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် ဦးသန်းစိုးက “ခယောင်းလမ်းမှသည် ပန်းလွင်ပြင်ဆီသို့”စာအုပ်မှ “ရေကြည်တစ်ပေါက်နဲ့ လူတစ်ယောက်”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နီနီ (Woman Club) အဖွဲ့ဝင်က “ခေတ်သစ်နှလုံးသား အင်တာနက်ရပ်ဝန်း” ခေါင်းစဉ်ဖြင့် အခန်းကဏ္ဍများကို အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသောစာပေ ဝါသနာရှင်များကလည်း စာအုပ်ပါ အခန်းကဏ္ဍများထဲမှ သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တရုတ်နိုင်ငံပြည်မကြီး၌ အသက် ၆ဝနှင့်အထက် ပြည်သူ ၂၁၂ သန်းကျော် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီး

ပေကျင်း မတ် ၂၇

တရုတ်နိုင်ငံပြည်မကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ (နှစ်ကြိမ်) ထိုးနှံမှုခံယူပြီးသည့် အသက် ၆၀ နှင့်အထက် ပြည်သူ ၂၁၂ သန်းကျော် ရှိပြီဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦးက ယနေ့ပြောသည်။

အလားတူ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူအရေအတွက် ၁၃၈ သန်းကျော်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အမျိုးသားကျန်းမာရေးကော်မရှင်မှ လီကျန်လောင်က အတည်ပြုပြောကြားသည်။

ထို့ပြင် အသက် ၆၀ နှင့်အထက် ပြည်သူများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှ ဆိုးရွားစွာတုံ့ပြန်သည့်ဖြစ်ပွားမှုသည် အခြားသော အသက်အရွယ်အုပ်စုများထက် ပိုမိုနည်းပါးကြောင်းလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဝမ်ဟွာကျန်းက ဆိုသည်။

အလားတူ အသက် ၈၀ နှင့်အထက် ပြည်သူများတွင်လည်း ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ဆိုးရွားစွာတုံ့ပြန်သည့်ဖြစ်ရပ်များ လက်ရှိအချိန်အထိ မရှိသေးကြောင်းလည်း ၎င်းက ဆိုသည်။

**ကိုးကား- ဆင်ဟွာ၊ဘာသာပြန်- အောင်ကျော်ကျော်**





# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉၂၃ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၂၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၁၂၀၀၄ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၀၆၉၅ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၂၂၈ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၄၇၅၁ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၅၄၆၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၈၄၄၇၆၆ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၂၄၂၄၈၇ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၇ ဒသမ ၈ ရာခိုင်နှုန်းသည် တတိယအကြိမ်အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၀၅ သန်းကျော် အသုံးပြုပြီး

ဟနွိုင်း မတ် ၂၇

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၀၅ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၈၇ ဒသမ ၉ သန်းထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၁၉၁၆ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၀၁၁၄၇၃ ဦးရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၂၃၀၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူပေါင်း ၅၃၅၁၉၇၈ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူပေါင်း၏ ၅၉ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၉၂၂ ဦး ထပ်မံတွေ့ရှိ

ဆော်ပေါ်လို မတ် ၂၇

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၉၂၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါဖြင့်သေဆုံးသူ ၁၉၆ ဦး ထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၉၈၃၂၁၇၉ ဦး ရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၆၅၈၇၆၂ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၄ ဒသမ ၃ ရာခိုင်နှုန်း သို့မဟုတ် လူပေါင်း ၁၅၉ ဒသမ ၇ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် နိုင်ငံလူဦးရေ၏ ၃၄ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၇၄ ဒသမ ၈ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

ဆက်လက်၍ နောက်တစ်ခုအနေဖြင့် ပုလဲမြို့နယ် ဇီးဖြူကုန်းရွာဖြစ်စဉ်ကို ဖွင့်ပြမည်ဖြစ်ကြောင်း ပြောကြား၍ ဇီးဖြူကုန်းရွာဖြစ်စဉ်နှင့်ပတ်သက်ပြီး ရွာသားတချို့ပြောကြားထားသည့် Video File ကို ပြသသည်။ Video File လေးဖိုင်စုစည်းထားပါကြောင်း၊ ပုလဲမြို့နယ် ဇီးဖြူကုန်းရွာနောက်ခံအကြောင်းအရာတချို့ကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ထိုကာလ ထိုအချိန်တွင် ထိုရွာ၌ စည်းလုံးညီညွတ်ပြီး အေးချမ်းစွာနေခြင်းများရှိကြောင်း၊ နိုင်ငံရေးအယူဝါဒမျိုးစုံ၊ ပါတီထောက်ခံသူမျိုးစုံရှိကြောင်း၊ အနီ/အစိမ်း/အပြာ အားလုံးရှိပါကြောင်း၊ စည်းလုံးညီညွတ်မှုအပြည့်ဖြင့် နေခဲ့ခြင်းရှိကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် လွတ်လပ်စွာကွဲလွဲခွင့်ကို အပြည့်အဝကျင့်သုံးခဲ့သည့်ရွာဟု ပြောနိုင်သည့်အနေအထားဖြစ်ကြောင်း၊ အစိမ်းအိမ်က လှူလျှင် အနီကူသလို အနီအိမ်က အခက်အခဲရှိလျှင် အစိမ်းကလည်း ကူခဲ့သည့် ရာဇဝင်ရှိပါကြောင်း၊ NUG ဆိုသည့် အကြမ်းဖက်အဖွဲ့၏ D-Day ဆိုသည့် ကြေညာချက် ထွက်လာပြီးနောက် ထိုရွာတွင် စည်းလုံးမှု၊ ညီညွတ်မှုများ ပျက်ပြားပြီး PDF ဟု အမည်တပ်ထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများဖွဲ့စည်းပြီးသည့်နောက်တွင် ပိုလျှံလျှင် အလှူအတွက်ရည်စူးထားသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည့် ငွေကြေးများသည် PDF အဖွဲ့ကို ဆက်ကြေးပေးရသည့်အဆင့်၊ ရိက္ခာထောက်ပံ့ရသည့်အဆင့်အထိ ရောက်သွားပါကြောင်း၊ ရွာသူ ရွာသားများ၏ ပြောကြားချက်အရ ၉ လပိုင်းကနေစပြီး ဆက်ကြေးပေးခဲ့ရပါကြောင်း၊ လူငယ်များသည် အိမ်၏တောင်သူအလုပ်နှင့် အခြားအလုပ်များကို ကူညီရမည့်အစား ဒေသအတွက် PDF ထဲကိုဝင်ရမည်ဆိုပြီး ဝင်ရပါကြောင်း၊ မဝင်လျှင်သတ်ဖြတ်သည်အထိ ကျူးလွန်ပါကြောင်း၊ ခြိမ်းခြောက်ပါကြောင်း၊ မဝင်လို၍ မြို့ပေါ်ပြေးလျှင် အိမ်ကလူများကို သတ်မည်ဟု ခြိမ်းခြောက်မှုကြောင့် PDF ထဲဝင်ရသူမနည်းသည်ကို တွေ့ရပါကြောင်း၊ ဆက်ကြေးပေး PDF ထဲဝင်၍ ၎င်းတို့မိသားစုလုံခြုံမှုမရှိသေးပါကြောင်း။

ယခင် ရန်ငြိုးရန်စရှိခဲ့ဖူးသူက PDF ထဲ ရောက်နေလျှင် ဘယ်အချိန် ဒလန်ဆိုသည့် စွပ်စွဲချက်ဖြင့် အသတ်ခံရမည်ဆိုသည့် စိတ်ပူပင်ရခြင်းမျိုးစုံရှိခဲ့ပါကြောင်း၊ ထိုသို့နေထိုင်ရခြင်းကြောင့် အချို့ရွာသူရွာသားများသည် မခံနိုင်သည့်အဆုံး ပြည်သူ့စစ်အဖွဲ့ငယ်များကို စပြီးဖွဲ့စည်းပါကြောင်း၊ ထိုသို့ဖွဲ့သည့်အချိန်တွင် PDF အဖွဲ့များသည် မကျေမချမ်းဖြစ်ပြီး ပြည်သူ့စစ်ဖွဲ့သည့်ရွာများကို အင်အားသုံးပြီး တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ခဲ့ပါကြောင်း၊ ရွာမီးလောင်ပါက အရင်ဦးအောင်တပ်ကလုပ်သယောင် ထုတ်လွှင့်ခဲ့ခြင်းများရှိကြောင်း၊ မီးသည် အစိမ်းအိမ်လောင်သလို အနီအိမ်လည်းလောင်ပါကြောင်း၊ နီ၍ မီးကမလောင်ဘဲ ကွင်းသွားခြင်းမရှိဘဲ အားလုံးလောင်မည်ဖြစ်ပါကြောင်း၊ ဇီးဖြူကုန်းရွာ ဖြစ်စဉ်တွင် အမှန်တကယ်ခံစားရသည့် ကျေးရွာသားများ၏ Video File ကို ကြည့်ရှုရမည်ဖြစ်ကြောင်းပြောကြား၍ Video File ကို ပြသသည်။

## ပြည်သူလူထုပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်

ဆက်လက်၍ PDF အဖွဲ့ဖြစ်ပေါ်လာရန် လှုံ့ဆော်ပေးသည့်၊ PDF အဖွဲ့ကို ညွှန်ကြားပေးနေသည့် အကြမ်းဖက် NUG အဖွဲ့များအနေဖြင့် ထိုကိစ္စနှင့်ပတ်သက်ပြီး တာဝန်ယူမှု တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ၎င်းတို့ ထိန်းသိမ်းနိုင်ပါသလား၊ EAO ခေါင်းဆောင်တစ်ဦး ပြောခဲ့သည်ကို မီဒီယာသမားများနှင့် ကြည့်ရှုနေကြသည့် မိဘပြည်သူများလည်း သိရှိပြီးဖြစ်ကြောင်း၊ အကြောင်းမဲ့ပြောခဲ့ခြင်း မဟုတ်ကြောင်း၊ အတွေ့အကြုံအရ ပြောခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့တပ်က ပြောခဲ့ခြင်းမဟုတ်ကြောင်း၊ နှစ်ပေါင်းများစွာ လက်နက်စွဲကိုင်ပြီး တိုင်းရင်းသားအရေးလုပ်နေသည့် EAO အဖွဲ့ခေါင်းဆောင်တစ်ဦး ပြောခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအဖွဲ့များသည် လက်နက်ကိုင်စွဲပြီးလျှင် မည်သူမျှထိန်း၍ သိမ်း၍ရမည်မဟုတ်ကြောင်း၊ ဓားပြသာသာဖြစ်သွားမည်ဟု ပြောခဲ့ကြောင်း၊ မှန်၊ မမှန်တွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပျက်နေသည့် အဖြစ်အပျက်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကပြောခဲ့သလို ထိုသို့ခံစားနေရသူများနှင့်ပတ်သက်လာလျှင် ပြည်သူလူထုပါဝင်သည့် ပြည်သူ့ကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်သူလူထုကို ကာကွယ်နိုင်ရန် ပြည်သူလူထုပါဝင်သည့် ပြည်သူလူထုကာကွယ်ရေးစနစ်ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဓားပြသာသာဖြစ်နေမည်ကို အကြောင်းမဲ့ပြောခြင်းမဟုတ်ကြောင်း၊ ၁၈-၃-၂၀၂၂ ရက်နေ့အထိ PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကြောင့် ရွှေဆိုင်လုယက်ခံရမှု တရားခံ ၅၉ ဦး ကျူးလွန်ခဲ့ပြီး တန်ဖိုးငွေကျပ် ၁,၆၂၄,၉၇၉,၄၀၀ (၁ ဒသမ ၆ ဘီလီယံကျော်ခန့်)ရှိပါကြောင်း။

သေနတ်ဖြင့် ခြိမ်းခြောက်လုယက်မှု ၁၁ ကြိမ်၊ လူကိုသေစေသည့် ဓား၊ တုတ်နှင့် တစ်ကြိမ် ပါဝင်ပတ်သက်ခဲ့ပါကြောင်း၊ ဘဏ်ဓားပြတိုက်မှု ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး တရားခံ ၉၇ ဦး ဖမ်းမိခဲ့ပါကြောင်း၊ တန်ဖိုးငွေကျပ် ၁၃,၅၅၁,၆၀၉,၃၆၄ (၁၃ ဒသမ ၅ ဘီလီယံကျော်) ဆုံးရှုံးခဲ့ပါကြောင်း၊ အကြမ်းဖက်လုယက်မှုအနေဖြင့် ၄၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၃,၁၃၀,၆၈၃,၉၆၅ (၃ ဒသမ ၁ ဘီလီယံကျော်ခန့်)ဖြင့် လုယက်ကျူးလွန်ခဲ့ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်စဉ် ၁၃ ခုဖြင့် အများဆုံးဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စို့ကွင်းကျေးရွာမှ သေနတ်ဖြင့်ချိန်ပြီး ငွေကျပ်ခြောက်သောင်းတန်ဖိုးခန့်ဖြင့် သေနတ်ပစ်ခတ်ဓားပြတိုက်သည့်ဖြစ်စဉ်ရှိသကဲ့သို့ ဆီတင်သင်္ဘောများကိုလည်း ငွေကျပ်သိန်း ၅၀ ခန့်ဖြင့် ဓားပြတိုက်သည့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အောင်ချမ်းသာရွာအနီး ဖြစ်စဉ်များလည်းရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူကုန်းရွာ၌လည်း တူမီးသေနတ်ကိုင် လူလေးဦးက အထက်တန်းပြ ဆရာတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်များလည်း ရှိပါကြောင်း၊ လက်နက်များကိုင်ပြီး အကြမ်းဖက်ဓားပြတိုက် လုယက်မှုအချို့သာဖြစ်ပါကြောင်း၊ ထို့အပြင် ဝေစုမတည့်သဖြင့် PDF အချင်းချင်း ဒလန်၊ သတင်းပေးဆိုပြီး သတ်ဖြတ်မှုများလည်း ရှိနေပါကြောင်း၊ အစကတည်းက ခံယူချက်စိတ်ဓာတ်မကောင်းသူ၊ မရှိသူများအချင်းချင်း သတ်ဖြတ်မှုဇာတ်လမ်းများက ပေါ်ပေါက်လာမည်၊ ပေါ်ပေါက်နေဆဲဖြစ်မည်ဆိုသည်ကို မကြာခင် အရှိန်အဟုန်နှင့် လာပါလိမ့်မည်ဖြစ်ကြောင်း၊ ယင်းလုပ်ရပ်များကို ပြည်သူများအနေဖြင့် မိမိတို့နှင့် ပူးပေါင်းပါဝင်ကြပါဟု တိုက်တွန်းလိုပါကြောင်း။

## အထွေထွေရွေးကောက်ပွဲ၏ အနှစ်သာရများ

နိဂုံးချုပ်အနေဖြင့် ရွေးကောက်ပွဲကိစ္စကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ မြို့နယ် ၃၃၀ ရှိသည့်အနက် ၂၀၁၀ ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၅ မြို့နယ်၊ ၂၀၁၅ ရွေးကောက်ပွဲတွင် မြို့နယ် ၃၂၃ မြို့နယ်၊ ၂၀၂၀ ရွေးကောက်ပွဲတွင် မြို့နယ် ၃၁၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၇ အရ “ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အနှစ်သာရမှာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တစ်နိုင်ငံလုံး၊ မည်သည့်နေရာဒေသမျှမကျန် ကျင့်သုံးရမည် ဖြစ်ပါကြောင်း၊ ထိုသို့ကျင့်သုံးနိုင်ရန် အခြေခံအချက်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ တစ်နိုင်ငံလုံး၌ ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့်အင်္ဂါရပ်နှင့် ပြည့်စုံမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကို လုပ်နိုင်သည့်နေရာလုပ်၊ မလုပ်နိုင်သည့်နေရာကို မလုပ်ဘဲချန်ထားပါက ဒီမိုကရေစီနှင့် အထွေထွေရွေးကောက်ပွဲ၏ အနှစ်သာရများ ယုတ်လျော့သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အကြားအလပ်မရှိကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် ယခုသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီများစစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းအပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System) ကျင့်သုံးဆောင်ရွက်မည့် အခြေအနေ အကျဉ်းချုပ်များကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်ကာလအပါအဝင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပါတီစုံဒီမိုကရေစီစနစ်ကာလတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲအများဆုံးရသူ အရွေးခံရသည့်စနစ် (First Past the Post – FPTP)၊ တစ်နည်းအားဖြင့် နိုင်သူအကုန်ယူစနစ် (Winner takes all) ကို ကျင့်သုံးခဲ့ကြောင်း၊ FPTP စနစ်နှင့် ကျင်းပခဲ့သည့် အဆိုပါရွေးကောက်ပွဲများကို လေ့လာခဲ့သည့် ရွေးကောက်ပွဲတွင် ပါတီတစ်ခုက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှု ရာခိုင်နှုန်း အချိုးအစားကွာဟချက် ကြီးမားခြင်း၊ တစ်နည်းအားဖြင့် အဟောသိကံ၊ လေလွင့်ဆုံးရှုံးသည့် မဲများသည်ကိုတွေ့ရကြောင်း၊ FPTP စနစ်၏ အားနည်းချက်များကြောင့် ကမ္ဘာ့နိုင်ငံအများစုကျင့်သုံးလျက်ရှိသည့် အချိုးကျကိုယ်စားပြုစနစ် (PR)ကို မြန်မာနိုင်ငံတွင်လည်း ပြောင်းလဲကျင့်သုံးရန် ပထမအကြိမ်လွှတ်တော်သက်တမ်းကာလကတည်းက ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

## အချိုးကျကိုယ်စားပြုစနစ်ကို သုံးမျိုးသုံးစား ခွဲခြားနိုင်

**အချိုးကျကိုယ်စားပြုစနစ်သည် မဲဆန္ဒနယ်ဧရိယာကို ကျယ်ပြန့်စွာသတ်မှတ်ပြီး ယင်းမဲဆန္ဒနယ်မှရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးပြီး ပါဝင်ယှဉ်ပြိုင်သည့် ပါတီအဖွဲ့အစည်းအလိုက် ရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ ရွေးကောက်ခံရသော ကိုယ်စားလှယ်သတ်မှတ်ပေးသည့် စနစ်ဖြစ်ကြောင်း၊ တစ်သီးပုဂ္ဂလများလည်းပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်ကို ယေဘုယျအားဖြင့် သုံးမျိုးသုံးစား ခွဲခြားနိုင်ကြောင်း။**

**(က) ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List Proportional Representation System – LPR )**

**(ခ) ပါတီနှင့် အမတ်လောင်း တစ်ပါတည်းရွေးချယ်သော ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional System – MMP)**

**( ဂ ) လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote – STV ) စသည်တို့ဖြစ်ကြောင်း။** စာမျက်နှာ ၁၈ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

❍ စာမျက်နှာ ၁၇ မှ

ပါတီအမည်ကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် ( Party List PR ) တွင် စာရင်းပိတ် (Closed List)၊ စာရင်းဖွင့် (Open List) နှင့် စာရင်းလွတ် (Free List) ဟူ၍ သုံးမျိုးရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းများအရ အသက်ငါးနှစ်အထက် လုံးဝကျောင်းမနေဖူးသူ လေးသန်းနီးပါး၊ အသက် ၂၅ နှစ်အထက် လုံးဝကျောင်းမနေဖူးသူ ၁ သန်းနီးပါး၊ မူလတန်းနှင့် မူကြို အဆင့်ရှိသူ ၁၁ ဒသမ ၈ သန်းရှိပြီး အလယ်တန်းအဆင့်နှင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်းသည် နိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သည့် ၁၈ ဒသမ ၂ သန်းရှိသည့်အတွက် PR စနစ်များထဲက Party List PR စနစ်၏ မူလပုံစံဖြစ်ပြီး ရိုးရှင်းလွယ်ကူသည့် Closed List PR ကိုသာ ရွေးချယ်ကျင့်သုံးသင့်ကြောင်း၊ အတွေ့အကြုံရင့်ကျက်လာချိန်မှသာ အခြားစနစ်များကို ပြောင်းလဲကျင့်သုံးသင့်သည်ကို သုံးသပ်တွေ့ရှိကြောင်း။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများတွင် မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးကို နိုင်ငံရေးပါတီများနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၊ မေလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင် တွေ့ဆုံဆွေးနွေးခြင်း၊ စာတမ်းများဖတ်ကြားခြင်း၊ ရွေးကောက်ပွဲဒီဇိုင်းနှင့်စပ်လျဉ်း၍ ပါတီအစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းပြီး စာတမ်းများဖတ်ကြား ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ လေးကြိမ်တွေ့ဆုံဆွေးနွေးပြီး နောင်ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများတွင် စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ် (Closed List – PR) ကျင့်သုံးရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရသတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်အရေအတွက် မပြောင်းလဲသည့် မဲဆန္ဒနယ်များ ပိုင်းခြားသတ်မှတ်၍ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ရန်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း / ဒေသခြောက်ခုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီနှင့် တိုင်းဒေသကြီး / ပြည်နယ် လွှတ်တော်များတွင် သတ်မှတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီ ရွေးကောက်တင်မြှောက်ရာတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ကျင့်သုံးရန် ဘုံသဘောတူညီမှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း။

မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ (က) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းတွင် “ ဥပဒေနှင့်အညီ မဲဆန္ဒနယ် သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ဦးထက်မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ” ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က)အမျိုးသားလွှတ်တော် ဖွဲ့စည်းခြင်းတွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး” ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဖွဲ့စည်းခြင်းတွင် “မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ” ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) အရ “ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့်ပြင်ဆင်သတ်မှတ်ခြင်း” သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်ပြီး ပုဒ်မ၄၀၂ (က) အရ “ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ” နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေအတွက်အတိုင်း ဖွဲ့စည်းရန်အတွက် ကော်မရှင်မှ မဲဆန္ဒနယ်များသတ်မှတ်ပြီး လွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် PR စနစ်ကိုအသုံးပြု၍ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

PR စနစ်ဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သုံးရပ်လုံးအတွက် PR စနစ် ပြောင်းလဲကျင့်သုံးပါက ကျယ်ဝန်းသော မဲဆန္ဒနယ်နှင့် ကိုယ်စားလှယ်အရေအတွက်သတ်မှတ်ရန်လိုအပ်ကြောင်း၊ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၉ (က) အရ “မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း” ၃၃၀ ဦးထက်မပိုသော ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၅,၇၇၀,၂၃၂ ကို အခြေခံတွက်ချက်ပါက လူဦးရေ ၁၆၉,၀၀၀ လျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှုန်း ရရှိမည်ဖြစ်ကြောင်း၊ လူဦးရေကို အခြေခံတွက်ချက်ပါက တိုင်းဒေသကြီး / ပြည်နယ်များ၏ ရရှိမည့် ကိုယ်စားလှယ်အရေအတွက်တွင် လူဦးရေအချိုးအစားအရ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူဦးရေနည်းပါးသည့် ပြည်နယ်များတွင် ကိုယ်စားလှယ်အရေအတွက် များစွာလျော့နည်းသွားမည်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ တွက်ချက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၀၉(က)အရ မြို့နယ်ကိုသာ အခြေခံသင့်ကြောင်းနှင့် မဲဆန္ဒနယ်ကို တိုင်းဒေသကြီး / ပြည်နယ်အတွင်းရှိ ခရိုင် / မြို့နယ်များကို လိုအပ်သလို စုစည်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သည့် PR စနစ်ဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ကြောင်း။

အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က)အရ “ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်စေပြီး သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများ အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး”ကို ရွေးကောက်တင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသတစ်ခုစီအတွက် ကိုယ်စားလှယ်တစ်ဦးစီကို FPTP စနစ်နှင့် ရွေးကောက်တင်မြှောက်ပေးပြီး ကျန်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး /ပြည်နယ်များအလိုက် မဲဆန္ဒနယ်များ လိုအပ်သလိုပိုင်းခြားသတ်မှတ်ကာ PR စနစ်ဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (က) အရ “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ” ရွေးကောက် တင်မြှောက်ရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး / ပြည်နယ်အလိုက် တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်သတ်မှတ်၍ ကိုယ်စားလှယ်နှစ်ဦးကျစီကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပေးနိုင်ကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အလိုက်ရရှိမည့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များကို FPTP စနစ်ဖြင့် ရွေးကောက်တင်မြှောက်ပေးရမည်ဖြစ်ကြောင်း။

အထက်ပါအတိုင်း PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ ကိုယ်စားလှယ်များအဖြစ် သတ်မှတ်နိုင်ပြီး တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်အတွက် PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသည့် တစ်မြို့နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးစီသည် မြို့နယ်တစ်ခုလုံး၏ ကိုယ်စားလှယ်များအဖြစ် သတ်မှတ်ပေးနိုင်ကြောင်း။

မိမိတို့လူမျိုးစုများနှင့် ဒေသအကျိုး

ထိုသို့ဆောင်ရွက်နိုင်သည့်အတွက် မဲဆန္ဒနယ်အလိုက် ပါတီစုံမှ ကိုယ်စားလှယ်များပါဝင်နေပြီး မဲဆန္ဒရှင်များ၏တင်ပြချက်နှင့် မြို့နယ်လိုအပ်ချက်များကို သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ယင်းကိုယ်စားလှယ်များ၏ပါတီများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် နောင်ရွေးကောက်ပွဲအထိ ကိုယ်စားလှယ်အချင်းချင်း၊ ပါတီအချင်းချင်း ထပ်မံအရွေးချယ်ခံရနိုင်ရေး ယှဉ်ပြိုင်ကြရသည့် PR စနစ်၏ အားသာချက်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် PR စနစ် ကျင့်သုံးခြင်းအားဖြင့် တိုင်းရင်းသားလူနည်းစုများ မိမိနယ်မြေဒေသအလိုက် ကိုယ်စားပြုရွေးချယ်ခံရသည့် အခွင့်အရေးများကို ပိုမိုရရှိမည်ဖြစ်ပြီး မိမိတို့လူမျိုးစုများနှင့် ဒေသအကျိုး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

အချိုးကျကိုယ်စားပြုစနစ်(PR – Closed List) ဖြင့်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပါတီများသည် သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြထားရမည်ဖြစ်ကြောင်း၊ PR – Closed List စနစ်သည် ပါတီကိုသာမဲပေးရခြင်းဖြစ်သည့်အတွက် ရွေးကောက်တင်မြှောက်ခံမည့်ကိုယ်စားလှယ်များကို ပြည်သူများလေ့လာသိရှိနိုင်ရန် ပါတီများက ကိုယ်စားလှယ်လောင်းအမည်စာရင်းကို မဲဆန္ဒနယ်မြေအတွင်း ဗီနိုင်း၊ နံရံကပ် ပိုစတာများနှင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကပ်ထားခွင့်ရရှိမည်ဖြစ်ကြောင်း။

> **အချိုးကျကိုယ်စားပြုစနစ် (PR – Closed List) စနစ်ဖြင့် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုမည့်ဆန္ဒမဲလက်မှတ်နမူနာနှစ်မျိုးကို တင်ပြလိုကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းစာရင်းအပေါ်မူတည်ပြီး နမူနာပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ PR စနစ်အရ ယှဉ်ပြိုင်သည့်ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားလာပါက မဲလက်မှတ်နမူနာပုံစံ (၂) အတိုင်း ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းပါ ထည့်သွင်းဖော်ပြပါက ဆန္ဒမဲလက်မှတ်အရွယ်အစားသည် အလွန်ကြီးသွားနိုင်သည့်အတွက် ပါတီအမည်သာပါသည့် မဲလက်မှတ်နမူနာပုံစံ (၁) ကသာ ပိုမိုသင့်လျော်မည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိ**

အချိုးကျကိုယ်စားပြုစနစ် (PR – Closed List) စနစ်ဖြင့် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများတွင် အသုံးပြုမည့်ဆန္ဒမဲလက်မှတ်နမူနာနှစ်မျိုးကို တင်ပြလိုကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းစာရင်းအပေါ်မူတည်ပြီး နမူနာပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ PR စနစ်အရ ယှဉ်ပြိုင်သည့်ကိုယ်စားလှယ်ဦးရေ ပိုမိုများပြားလာပါက မဲလက်မှတ် နမူနာပုံစံ (၂) အတိုင်း ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းပါ ထည့်သွင်းဖော်ပြပါက ဆန္ဒမဲလက်မှတ်အရွယ်အစားသည် အလွန်ကြီးသွားနိုင်သည့်အတွက် ပါတီအမည်သာပါသည့် မဲလက်မှတ်နမူနာပုံစံ (၁) ကသာ ပိုမိုသင့်လျော်မည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိကြောင်း။

ရှစ်မြို့နယ်ကို မဲဆန္ဒနယ်တစ်နယ်

ဆက်လက်ပြီး အချိုးကျကိုယ်စားပြုစနစ် Party List PR ( Closed List ) အရ ကိုယ်စားလှယ်လောင်းစာရင်းကို ပါတီများကဦးစားပေးအစီအစဉ်အတိုင်း ကြိုတင်တင်ပြထားပြီးနောက် ရွေးကောက်ပွဲကျင်းပရာတွင် ပါတီ / တစ်သီးပုဂ္ဂလအလိုက် ရရှိသည့် ခိုင်လုံမဲအရ ရရှိကြမည့် ကိုယ်စားလှယ်အရေအတွက် တွက်ချက်မှုနမူနာပုံစံကို တင်ပြလိုကြောင်း၊ နမူနာအနေဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲအတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရှစ်မြို့နယ်ကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ကျင်းပရာတွင် ပါဝင်ယှဉ်ပြိုင်သည့် ပါတီ လေးပါတီနှင့် တစ်သီးပုဂ္ဂလ တစ်ဦးတို့ရရှိသည့် ခိုင်လုံမဲ ၉၀၀,၀၀၀ အပေါ်မူတည်တွက်ချက် တင်ပြထားခြင်းဖြစ်ကြောင်း။

နမူနာပုံစံ (၁) သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ လေးပါတီက ကြိုတင်ပြထားသည့် ကိုယ်စားလှယ်လောင်းရှစ်ဦးစီ၏ ဦးစားပေးအစီအစဉ်နှင့် တစ်သီးပုဂ္ဂလတစ်ဦး၏ အမည်စာရင်းဖြစ်ကြောင်း၊ မြို့နယ်ရှစ်မြို့နယ်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦး ရွေးချယ်ရမည်ဖြစ်သည့်အတွက် ပါတီအသီးသီးက ကိုယ်စားလှယ်လောင်း ရှစ်ဦးစီ တင်ပြရခြင်းဖြစ်ကြောင်း။

နမူနာပုံစံ(၂)သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် အနည်းဆုံးရရှိရမည့် ခိုင်လုံမဲ တွက်ချက်သည့်ပုံစံဖြစ်ကြောင်း၊ ယခုရရှိသည့် အခြေခံစာရင်းဇယားများအရ ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် Formula အတိုင်းတွက်ချက်ရာတွင် မဲ ၁၀၀,၀၀၁ လိုအပ်မည်ဖြစ်ကြောင်း။

နမူနာပုံစံ (၃)သည် တွက်ချက်မှုဇယားဖြစ်ပြီး တွက်ချက်မှုများအရ (A) ပါတီက သုံးဦး၊ (B) ပါတီက နှစ်ဦး၊ (D) ပါတီက နှစ်ဦးနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် တစ်ဦး ပေါင်းလွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးကို Largest Remainder Formula ဖြင့် တွက်ချက်ခြင်းဖြစ်ပြီး နမူနာပုံစံ (၄) အတိုင်း လွှတ်တော်ကိုယ်စားလှယ်များကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်ကြောင်း၊ ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် လိုအပ်သည့်မဲအရေအတွက် ပြည့်မီသူ **ခြောက်ဦး**ကို ပထမရွေးချယ်ပြီး ထပ်မံလိုအပ်သည့် ကိုယ်စားလှယ်**နှစ်ဦး**ကို ကြွင်းကျန်မဲများသည့်ပါတီ၊ တစ်သီးပုဂ္ဂလများက ထပ်မံရရှိပြီး ကိုယ်စားလှယ်**ရှစ်ဦး** ရွေးချယ်နိုင်ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၁၉ သို့ ☆

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် အမျိုးသား/အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးခန်းမ အဆောက်အအုံသစ်ဖွင့်



**ပုသိမ် မတ် ၂၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၃)နယ်မြေ ကိုးသိန်းအားကစားကွင်း၌ ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် RC နှစ်ထပ်ဆောင် အမျိုးသား/အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးခန်းမ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးတင်ဇော်ထွန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာပေါင်းမြို့နယ်၌ ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်သည့် တိုင်းဒေသကြီးအတွင်း ငါးသယံဇာတများ မြှင့်တင်နိုင်ရေးအတွက် အင်း၊ ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်းအကောင်ရေ တစ်သိန်းအား ငါးမျိုးစိုက်ထည့်ပေးသည်။

ဆက်လက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သာပေါင်း-ရေနံ့သာကွန်ကရစ်လမ်းဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သာပေါင်း-ရေနံ့သာလမ်းသည် သာပေါင်းမြို့နယ်တွင် ၂၃ မိုင်နှင့် ရေကြည်မြို့နယ်တွင် ၂၂ မိုင်ဖြင့် ၄၅ မိုင်ရှည်လျားပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်တွင် တစ်မိုင်ကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း လေးမိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ကျန်ရှိသည့်လမ်းပိုင်းများအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မဲဘောင်-နောင်ပလိန်လမ်း၊ ရေကျော်-လှိုင်းပုံ-လှာကမြင်လမ်း၊ အားကစားရုံအဝင်လမ်းများ ဖွင့်လှစ်

**ဘားအံ မတ် ၂၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် မဲဘောင်-နောင်ပလိန်လမ်း၊ ရေကျော်-လှိုင်းပုံ-လှာကမြင်လမ်းနှင့် အားကစားရုံအဝင်လမ်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းများမုခ်ဦး၌ ကျင်းပသည်။



**ပြောကြား**

လမ်းများဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နှင့် မြို့ပြအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် အမြန်ဆုံး ဆက်သွယ်သွားလာနိုင်ပြီး အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတားများ တည်ဆောက်ရာတွင် အတူတကွပူးပေါင်းပါဝင် ကူညီပေးကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် ပြည်နယ်ဥပဒေချုပ်ဦးရဲလွင်တို့က အဆိုပါလမ်းများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၂၅၄ ဒသမ ၂၆၁ သန်းဖြင့် ဝေပုံမြကုမ္ပဏီနှင့် First Azure Co.,Ltd တို့မှ တင်ဒါအောင်မြင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဲဘောင်-နောင်ပလိန်လမ်းကို ဘားအံ-လှိုင်းဘွဲလမ်းထိပ်မှ အားကစားရုံအဝင်လမ်းဆုံထိ ခုနစ်ဖာလုံအား ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ရေကျော်-လှိုင်းပုံ-လှာကမြင်လမ်း ၆ ဖာလုံအား ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ ၁ မိုင် ၃ ဖာလုံကို ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း၊ အားကစားရုံအဝင်လမ်း(၂)လမ်း အရှည် နှစ်ဖာလုံအား ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၈ မှ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ (က)၊ ပုဒ်မ ၃၆၉ (က) နှင့် ပုဒ်မ ၃၉၅ တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်ပါက ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (စ)အရ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်သဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနှင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရေးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**နိုင်ငံရေးပါတီ ၉၂ ပါတီ၏ စာရင်းများ**

ယခုဆက်လက်ပြီး နိုင်ငံရေးပါတီများစစ်ဆေးခြင်း၊ မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းအပါအဝင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမည်ဖြစ်ကြောင်း၊ ဦးစွာ တည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီ၏ စာရင်းများစစ်ဆေးဆောင်ရွက်ပြီးစီးမှုအခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဦးဆောင်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် ၂၀၂၁ ခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးခဲ့ရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စစ်ဆေးပြီးပါတီ **၈၁ ပါတီ** ဖြစ်ကြောင်း၊ မတ်လအတွင်း **နှစ်ပါတီ** ထပ်မံစစ်ဆေးပြီးစီးခဲ့သည့်အတွက် စုစုပေါင်း **၈၃ ပါတီ** စစ်ဆေးပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်ကျန်ပါတီများကို ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် စစ်ဆေးမည့်နိုင်ငံရေးပါတီများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်းကောင်း၊ ပါတီရုံးစိုက်သည့် နယ်မြေကော်မရှင်အဖွဲ့ခွဲများမှတစ်ဆင့် လည်းကောင်း၊ သက်ဆိုင်ရာပါတီ **E-mail** သို့ လည်းကောင်း ဆက်သွယ်အကြောင်းကြားစာပေးပို့ခြင်း၊ ကော်မရှင် **Website** နှင့် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ကြိုတင်အသိပေးခြင်းများဆောင်ရွက်ခဲ့သော်လည်း အချို့ပါတီများအနေဖြင့် လိုက်နာပူးပေါင်းဆောင်ရွက်ရန် အားနည်းပျက်ကွက်မှုများကို တွေ့ခဲ့ရသည့်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအရ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် (၅) အရ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ပြည့်စုံရေး၊ ဥပဒေနှင့်အညီ မပါဝင်သင့်သူများ မပါဝင်စေရေးအတွက် ဆောင်ရွက်မှုအခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် မြို့နယ်အလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) အပေါ် အခြေခံပြုစုလျက်ရှိရာတွင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါပြုစုပြီး အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project ) ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် လယ်ဝေးမြို့နယ်နှင့် မတ်လ ၁၄ ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်တို့၌ ကျင်းပခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြကြောင်း။

ရှေ့ပြေးစီမံချက်လုပ်ငန်းစဉ်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဦးရေစာရင်းပုံစံ (၆၆/၆) အရ ပြုစုထားပြီးဖြစ်သည့် လူဦးရေစာရင်းများကို ရပ်ကွက်/ကျေးရွာအုပ်စုများမှာ လက်ရှိနေထိုင်သူ မြေပြင်လူဦးရေစာရင်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာဝန်ခံများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်/ကျေးစာရေးများပါဝင်သော အဖွဲ့များနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးစီမံချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်များတွင် ယခု မတ်လဒုတိယပတ်မှစတင်ပြီး မြေပြင်ကွင်းဆင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အနေနှင့်လည်း လှည့်လည်စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅ )ရပ်ပါ လုပ်ငန်းစဉ် (၁) ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် ဆောင်ရွက်ရန်လုပ်ငန်းတချို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့်လုပ်ငန်းစဉ် ( ၅ ) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## ဓမ္မပုံပြင်

# အကူအညီ

**မင်းယုဝေ**

တစ်ညသ၌ တောင်သူလယ်သမားတစ်ယောက်၏အိမ်သို့ သူခိုးဝင်ရောက်ပြီးလျှင် ရှိသမျှသောငွေများနှင့် ပစ္စည်းအားလုံးကို ခိုးယူသွားလေသည်။ တောင်သူလယ်သမားသည် မိမိ သူခိုးခိုးခံရကြောင်းကို နံနက်အိပ်ရာက နိုးသောအခါတွင်မှ သိရှိရလေသည်။

ထိုသို့သိရှိရသောအချိန်တွင် သူ့တွင် ငွေနှင့်ပစ္စည်းဟူ၍ ဘာမျှမရှိတော့ပေ။

သူသည် သူ၏မိတ်ဆွေများထံသို့ သွားရောက်လျက် အကျိုးအကြောင်းပြောပြသည်။ အကူအညီတောင်းခံသည်။

ထိုအခါ မိတ်ဆွေတို့က...

"အဆွေ၊ သင့်၌ ဤငွေ၊ ဤပစ္စည်းတို့ရှိသည်ကို မည်သူ့ကိုမျှ မပြောသင့်။ အဘယ်ကြောင့် လူအများရှေ့တွင် ပြောဆိုခဲ့ပါသနည်း။ သင်သည် ဆင်ခြင်မှုမပြုသဖြင့် ဤသို့အခိုးခံရခြင်းဖြစ်သည်။ နောင်ကို ဤသို့မပြောဆိုပါနှင့်" စသည်ဖြင့် အကြံဉာဏ်များ အမျိုးမျိုးပေးကြသည်။

မိတ်ဆွေတစ်ယောက်ကမူ..

"နောင်အခါ သင့်အိမ်တွင် အိမ်စောင့်ခွေးကောင်းကောင်းတစ်ကောင် ထားသင့်သည်။ ကျွန်ုပ်၌ ခွေးနှစ်ကောင်ရှိသည်။ သင့်ကိုတစ်ကောင်ပေးပါမည်။ သို့မှသာ နောင်အခါတွင် သင့်ပစ္စည်းများကို သူခိုးလာရောက်ခိုးလျှင် ကြိုတင်သိလိမ့်မည်"

သို့ရာတွင် မည်သည့်မိတ်ဆွေကမျှ လောလောဆယ်တွင် အကူအညီလိုအပ်နေသော တောင်သူလယ်သမားကို ငွေလည်းမကူညီ၊ အစားအစာလည်း မပေးပေ။

တောင်သူလယ်သမားခမျာ လက်တွေ့တွင် အခက်အခဲများစွာ တွေ့ရရှာလေသည်။ ။

# မြွေနှင့်လယ်သမား

တစ်နေ့သ၌ မြွေတစ်ကောင်သည် လယ်သမားတစ်ယောက်ထံ လာရောက်၍ မိမိအား လယ်သမား၏အိမ်တွင်နေခွင့်ပြုပါရန် ပန်ကြား၏။

မြွေက...

"အဆွေ၊ အကျွန်ုပ်သည် သင်၏အိမ်တွင် အလကားမနေပါ။ သင်၏ ကလေးငယ်များကို စောင့်ရှောက်ပေးပါမည်။ သူတို့ပျော်အောင်လည်း သူတို့နှင့်အတူ ကစားပါမည်၊ ကျွန်ုပ်ကတိပေးပါသည်" ဟုဆို၏။ လယ်သမားက...

"အဆွေ၊ သင့်ကို ကျွန်ုပ်လက်ခံနိုင်ပါသည်။ သို့ရာတွင် သင်ရှိသဖြင့် သင်၏အဆွေ အခြားမြွေများလာရောက်ကြလိမ့်မည်။ ကတိအတိုင်း သင်က ကျွန်ုပ်၏သားသမီးများကို ရန်ပြုမှုမည်မဟုတ်သော်လည်း သင်၏အဖော်မြွေများကမူ မုချရန်ပြုကြပါလိမ့်မည်။ ကလေးငယ်များကို ကိုက်ခဲကြပါလိမ့်မည်။ သင့်ကိုယုံသော်လည်း သင့်အဖော်များကို ကျွန်ုပ်မယုံနိုင်ပါ။ ထို့ကြောင့် သင့်ကိုလက်မခံနိုင်ပါ" ဟုဆိုကာ မြွေ၏တောင်းဆိုချက်ကို ငြင်းပယ်လိုက်လေသည်။

**(ရုရှားစာရေးဆရာကြီး ကရီးလော့စ်၏ ဒဏ္ဍာရီပုံပြင်များ)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

# အလှရှာသော်

**သောကကမ်းဝယ်
စမ်းတဝါးဝါး၊ ယောင်မှားမှားဖြင့်
ထူးခြားမြတ်ရာ၊ အလှရှာသော်။
လှည့်စားမှု၏
အတုအပ၊ ပြင်ဗန်းပြကို
အလှမှတ်ကာ၊ ကြည်နူးစွာဖြင့်
ငါ့မှာသာယာ နေခဲ့သည်။
စေခိုင်းသမျှ
တစ,မကြွင်း၊ ဆောင်ရွက်ရင်းဖြင့်
ချွတ်ယွင်းချက်ဝယ်၊ တပ်မက်ကာသာ
နေမိပါတည့်။
ပညတ်ကိုလျှင်၊ ပရမတ်ထင်၍
ဉာဏ်ယှဉ်မကြည့်၊ ကင်းသတိဖြင့်
စိုက်မိစိုက်ရာ၊ လိုက်လျက်လာစဉ်
မြတ်စွာဘုရား၊ ငါလျှင်မှားပေ့ါ
နှုတ်ဖျားကတည့်၊ ငါဆိုမိသည်
ဆူး၏ဒဏ်ကိုခံသည့်ခိုက်။
အမှန်ပင်တည့်
ငါလျှင်လိုက်မှား၊ သင်းပျံ့ရှားသည့်
စကားနှင်းဆီ၊ ခတ္တာရီတို့
ခြယ်စီတင့်စွာ၊ ဤမွေ့ရာကား
ပန်းလွှာကင်းပ၊ ဆူးပြင်မျှတည့်။
ငါသိပါပြီ
နောင်ခါဆက်လက်၊ ချစ်သက်သက်ဖြင့်
ယွင်းပျက်ဖြုန်းတီး၊ ငါ့ခရီးကို
ချည်းနှီးမဖြစ်စေတော့ပါ။
ငါသိပါပြီ
နောင်ခါဆက်၍၊ စွဲမက်ကြည်ဖြူ
အယူဖောက်လွှဲ၊ ချစ်အသဲဖြင့်
အမြဲကစားမနေတော့ပါ။
ဒုက္ခလွှေ့လွှေ့၊ သောကတွေ့သော်
ရှောင်၍လွတ်ရာ၊ ငါလျှင်ရှာသည်
သည်မှာ အလှရှိလိမ့်တကား။
ဩော်- သောကသောင်ကမ်း၊ ခရီးကြမ်းဝယ်
တစမ်းဝါးဝါး၊ ယောင်မှားမှားဖြင့်
ထူးခြားမြတ်ရာ၊ အလှရှာသော်။**

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





လူမှု
ဘဝ

# ဆယ်ကျော်သက်လူငယ်တွေရဲ့ စွမ်းဆောင်ရည်ကို ဘယ်လိုတိုးတက်အောင်လုပ်မလဲ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ဆယ်ကျော်သက်လူငယ်များ၏ စွမ်းဆောင်ရည်များကို တိုးတက်အောင်ပြုလုပ်ခြင်းဖြင့် အများယုံကြည်စိတ်ချ အားထားရမှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်သော အိုင်ဒီယာ သုံးခုရှိသည်။

(၁) မိမိ၏စွမ်းအား(အားသာချက်)များကို အသုံးချပြီး မိမိရည်မှန်းချက်ရရှိအောင် ဆောင်ရွက်ပါ။

ယခုဖော်ပြပါ အိုင်ဒီယာသည် လူငယ်များ၏ စွမ်းအားများ၊ ဉာဏ်ရည်များ၊ သဘောထားအမြင်များ၊ ကျွမ်းကျင်မှုများ၊ အသိပညာဗဟုသုတများနှင့် စာတိုင်တစ်ခုခုနှင့် ပတ်သက်သည်။ ယင်းတို့၏ သိသာထင်ရှား ကွဲပြားမှုများကို သိရှိနားလည်ပြီး ချိတ်ဆက်ပေးရန်လိုသည်။ ဤသို့ဖြင့် လူငယ်တို့၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

ပီတာဒရပ်ကာ (Peter Drucker) က "အခွင့်အလမ်းများကို အစာကျွေးရန်နှင့် ပြဿနာများကို အစာငတ်ခံထားရန်"ဟု ဆိုထားသည်။ လူငယ်များအနေဖြင့် မိမိတို့၏အားသာချက်များကို အစာကျွေးရန် လိုအပ်သလို အားနည်းချက်များကို အငတ်ထားရန် လိုအပ်သည်။ ဤသည်မှာ မိမိတို့၏အားနည်းချက်များကို လျစ်လျူရှုခြင်းမဟုတ်ချေ။ မိမိတို့၏ အားသာချက်များမှတစ်ဆင့် မိမိတို့၏ အားနည်းချက်များကို အစားထိုးရန်အလို့ငှာ အခြားအရာများနှင့် ထိရောက်စွာ အလုပ်လုပ်ခြင်းဖြင့် အားနည်းချက်မရှိအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် ဘဝရည်မှန်းချက်၏ စွမ်းအားဟုခေါ်သော နောက်ထပ်စွမ်းအား (အားသာချက်)ကိုအသုံးချကာ မိမိတွင်ရှိသော ပင်ကိုစွမ်းရည်များ တိုးတက်အောင်ဆောင်ရွက်ရန်လိုသည်။

(၂) သင်ကိုယ်တိုင် ပါဝင်ပတ်သက်မှုကို ထိန်းသိမ်းထားပါ။

ဆယ်ကျော်သက်လူငယ်များသည် မိဘ၏ ထိန်းသိမ်းမှုအောက်တွင် ကြီးပြင်းကာ ပညာသင်ယူခဲ့ရသည်။ စာပေဗဟုသုတများ လေ့လာခဲ့ရသည်။ မိမိဖြတ်သန်းခဲ့သောဘဝတွင် မိမိကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သော ကျောင်းတွင်းကိစ္စရပ်များ၊ ရပ်ရေးရွာရေးကိစ္စရပ်များတွင် မိမိ၏ပါဝင်ပတ်သက်မှုအတိုင်းအတာကို တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်သည်။ ယင်းနှင့်ပတ်သက်သော အိုင်ဒီယာမှာ ဘဝတစ်သက်တာလေ့လာမှု ဆက်တိုက်ပြုလုပ်ရန်ဖြစ်သည်။ ယင်းအတွေ့အကြုံမှတစ်ဆင့် ဆယ်ကျော်သက်များသည် မိမိတို့စွမ်းဆောင်ရည်ကို မြှင့်တင်တတ်ရန်အရေးကြီးသည်။

(၃) သင်ဘယ်ကိုသွားနေသလဲဆိုတာ သိရှိပါ။

ဆယ်ကျော်သက်လူငယ်များသည် ခေါင်းဆောင်မှု၏ သဘောသဘာဝကိုသိရှိရန် လိုအပ်သည်။ ကျောင်းပညာသင်စဉ် တန်းခွဲအလိုက် ခေါင်းဆောင်များ ထားရှိကြသည်။ အားကစားအသင်းများတွင်လည်း အသင်းခေါင်းဆောင်များ ရှိကြစမြဲပင်။ မိမိအနေဖြင့် အသင်းအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရပါက "သင်ဘယ်ကိုသွားနေသလဲဆိုတာ သိပါ" ဆိုသောအချက်ကို မျက်ခြည်မပြတ်ရန် လိုသည်။

ယင်းအိုင်ဒီယာနှင့်ပတ်သက်၍ မဟာဗျူဟာပညာရှင်နှင့် မားကတ်တင်းကျွမ်းကျင်သူ Jack Trout က ခေါင်းဆောင်မှု၏သော့ချက်ကို ဤသို့ရှင်းပြထားသည်။

"နေ့တစ်နေ့ရဲ့ အဆုံးမတော့ သူတို့ဘယ်ကိုသွားနေသလဲဆိုတာ သိတဲ့သူတွေရဲ့နောက်ကို လူတွေလိုက်ပါကြတယ်"

ဆယ်ကျော်သက်လူငယ်များသည် ခေါင်းဆောင်မှုအခွင့်အလမ်းရရှိခဲ့ကြလျှင် သင်ဘယ်ကိုသွားနေသလဲဆိုတာသိဖို့နှင့် အဲဒီကိုရောက်ရှိဖို့ စွမ်းဆောင်ရည်များ ရှိဖို့လိုသည်။ ယင်းသည်ပင်လျှင် လုပ်ရည်ကိုင်ရည်ကို ဖော်ညွှန်းသည်။ လူငယ်များအနေဖြင့် လုပ်ရည်ကိုင်ရည်နှင့် အကျင့်စာရိတ္တသည် အများယုံကြည်အားထားသော ခေါင်းဆောင်အဖြစ် ဖန်တီးပေးကြောင်း သိရှိထားရန်လိုသည်။ Motorola ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ ခရစ်စတိုဖာဂယ်လ်ဗင်က "သင်ဦးဆောင်သော လူများသည် သူတို့ဘယ်ကို သွားနေသလဲဆိုတာ သိချင်ကြသည်" ဟုဆိုသည်။

ဆယ်ကျော်သက်လူငယ်များ၏ လုပ်ရည်ကိုင်ရည်သည် အခြေအနေနှင့် ပတ်ဝန်းကျင်ပေါ်မူတည်၍ လုပ်ဆောင်ကြသည်။ သို့ရာတွင် အခြေအနေတိုင်းတွင် အရေးပါသော လုပ်ရည်ကိုင်ရည်နယ်ပယ် အနည်းငယ်ရှိသည်။ ဤတွင် ယုံကြည်မှုစွမ်းရည်များသည် အရေးပါသောနေရာတွင်ရှိသည်။ ယင်းစွမ်းရည်များသည် ယုံကြည်မှုကို ဖော်ဆောင်ရန်၊ တိုးတက်အောင်ပြုလုပ်ရန်နှင့် ပြန်လည်ထိန်းသိမ်းရန်လိုအပ်သော လူငယ်တို့၏ စွမ်းရည်များပင် ဖြစ်သည်။ လူငယ်များအောင်မြင်မှုရရှိရေးအတွက် နည်းပညာဆန်သောစွမ်းရည်များသည်လည်း အရေးပါသည်။ ထို့ပြင် လူငယ်တို့၏ ခေါင်းဆောင်မှုအပိုင်းတွင် လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည် တိုးတက်မှုတို့တွင်လည်း အထောက်အကူပြုသည်။

လူငယ်များအနေဖြင့် ယုံကြည်မှုစွမ်းရည်များ (Trust Abilities) အတွက် သင့်ကိုယ်သင် ဤသို့ မေးကြည့်နိုင်သည်။

ယုံကြည်မှုစွမ်းရည်တွေရဲ့ နယ်ပယ်မှာ သဘာဝကျတဲ့ ပင်ကိုစွမ်းရည် ငါ့မှာ ဘယ်အတိုင်းအတာအထိရှိပါသလဲ။

ကိုယ်ကျင့်သိက္ခာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေ ငါ့ထံသို့ သဘာဝကျကျလာပါသလား။

ငါ့အနေဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှုအတွက် သဘာဝကျကျလုပ်ဆောင်ပါသလား။

ယုံကြည်မှုကို လှုံ့ဆော်တဲ့အရာတွေကို ငါ့ပင်ကိုသဘာဝအတိုင်းသိရှိပြီး ပြုလုပ်သလား။

ဒီနယ်ပယ်မှာ ငါ့ရဲ့ သဘောထားအမြင်တွေကဘာလဲ။

ယုံကြည်မှုအတွက် လိုအပ်မှုကို ငါသိရှိသဘောပေါက်ပြီး လေးစားမှုရှိသလား။

ယုံကြည်မှုတည်ဆောက်နေတဲ့ ကျွမ်းကျင်မှုတွေ ငါ့မှာရှိသလား။

ယုံကြည်မှုကို တည်ဆောက်တဲ့ နည်းလမ်းတွေနဲ့ အခြားသူတွေကို ငါဆက်ဆံသလား။


ယုံကြည်မှုကို ဖော်ဆောင်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြန်လည်ထိန်းသိမ်းခြင်းစတဲ့ ပညာဗဟုသုတတွေ ငါ့မှာ နားလည်မှုရှိပါသလား။

ယုံကြည်မှုကို လှုံ့ဆော်ပေးတဲ့ ဆောင်ရွက်မှု၊ အပြန်အလှန်ဆက်သွယ်မှုတွေနဲ့ ပတ်သက်လို့ လူအများနဲ့ ဆက်ဆံရေးမှာ ငါ့ရဲ့ပုံစံကဘာလဲ။

သို့ဖြစ်ရာ ဆယ်ကျော်သက်လူငယ်များအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်များတိုးတက်ရန် အကောင်းဆုံး အရှိန်မြှင့်ပေးသော ယုံကြည်မှုစွမ်းရည်များ မြှင့်တင်ခြင်းဖြင့် လူမှုဆက်ဆံရေး အဆင်ပြေသော၊ အပြုသဘော ဖန်တီးဆောင်ရွက်လိုသော လူငယ်များအဖြစ် အများ၏ယုံကြည်လက်ခံမှု ရရှိလာမည်ဖြစ်ပေသည်။

Ref: The Speed of Trust by Stephen M.R. Covey






(ဆက်လက်ဖော်ပြပါမည်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# တီဘီရောဂါကင်းစင်ရေး ကြိုးပမ်းဆောင်ရွက်

တီဘီရောဂါပိုးကို ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ဂျာမန်သိပ္ပံပညာရှင် Dr.Robert Koch ဆိုသူက ရှာဖွေတွေ့ရှိခဲ့သည်။ ထိုနေ့ကိုအကြောင်းပြု၍ ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် မတ်လ ၂၄ ရက်နေ့ကို "ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World Tuberculosis Day)" အဖြစ် အခမ်းအနားများ ကျင်းပ၍ပြည်သူလူထုကြား တီဘီရောဂါအကြောင်း ပိုမိုသိရှိနားလည်ကြစေရန် ရည်ရွယ်ကာ ကျန်းမာရေးသုတများအကြံပြုပညာပေးဟောပြောလေ့ရှိကြသည်။



### တီဘီရောဂါနှင့် မြန်မာနိုင်ငံ

မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူဦးရေ တစ်သိန်းလျှင် တီဘီရောဂါ လူနာသစ် ၃၆၅ ဦးနှင့် သေဆုံးနှုန်း ၄၉ ဦး ရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် တစ်နိုင်ငံလုံး အနေဖြင့် တီဘီဝေဒနာရှင် တစ်သိန်းခွဲခန့်ရှိခဲ့ပြီး ၎င်းဝေဒနာရှင်များအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တီဘီရောဂါလူနာ ၃၁၂၄၄ ဦးကို ကုသပေးခဲ့ရသည်။ တစ်နှစ်ထက်တစ်နှစ် ရောဂါသည်များ အဆမတန် တိုးပွားလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း တီဘီရောဂါဖြစ်ပွားသော လူနာအသစ် နှစ်သိန်းနီးပါးခန့် တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ တီဘီရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် ကျေးလက်ဒေသများပါ မကျန် ရောဂါဝေဒနာရှင်များကို ရှာဖွေဖော်ထုတ်ကာ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောက်ရွက်ခဲ့ကြသည်။ အဆိုပါ ကာလများ၌ လူဦးရေထူထပ်သောဒေသများသို့အထူးအလေးပေး ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၉ ခုနှစ်တွင်လည်း တီဘီရောဂါနှင့် HIV ရောဂါကို ပိုမိုဖော်ထုတ်နိုင်ရန်အတွက် လူဦးရေများသော စက်ရုံ၊ အလုပ်ရုံများရှိ ဝန်ထမ်းများကို ရည်ရွယ်၍ တီဘီရောဂါ အသိပညာပေးပွဲများ ပြုလုပ်ခဲ့သည်။ ထို့ပြင် ဝေဒနာခံစားနေရသော်လည်း ဆေးအခမဲ့ရရှိသော ဆေးရုံ၊ ဆေးခန်းသို့ မလာနိုင်ကြသော လူနာများရှိရာ စက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ ကျေးရွာများသို့ ရွေ့လျားကုသသော ဝန်ဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဦးစီးဌာနကလည်း "တီဘီကင်းစင် မြန်ပြည်တစ်ခွင် ရေးရှုနိုင်ဖို့ ကြိုးစားစို့" စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစတင်၍ ဖော်ဆောင်လာခဲ့ကြပြီး ၂၀၃၅ ခုနှစ်တွင် တီဘီရောဂါကို အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း နောက်ဆုံးကောက်ယူရရှိထားသော စစ်တမ်းများအရ တီဘီရောဂါပိုးရှိသူပေါင်း ၃၀၀၀၀၀ ရှိနေပြီး ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်းကျော်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင် တီဘီရောဂါကူးစက်ပျံ့နှံ့မှုအများဆုံး ၂၂ နိုင်ငံထဲ၌ ပါဝင်နေကြောင်း သိရသည်။

**"တီဘီရောဂါဝေဒနာခံစားနေရသော်လည်း ဆေးအခမဲ့ရရှိသော ဆေးရုံ၊ ဆေးခန်းသို့မလာနိုင်ကြသော လူနာများရှိရာ စက်ရုံ၊ အလုပ်ရုံ၊ ရပ်ကွက်၊ ကျေးရွာများသို့ ရွေ့လျားကုသသော ဝန်ဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးဦးစီးဌာနကလည်း "တီဘီကင်းစင် မြန်ပြည်တစ်ခွင် ရေးရှုနိုင်ဖို့ ကြိုးစားစို့" စီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှစတင်၍ ဖော်ဆောင်လာခဲ့ကြပြီး ၂၀၃၅ ခုနှစ်တွင် တီဘီရောဂါကို အမြစ်ပြတ်ချေမှုန်းတိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း နောက်ဆုံးကောက်ယူရရှိထားသော စစ်တမ်းများအရ တီဘီရောဂါပိုးရှိသူပေါင်း ၃၀၀၀၀၀ ရှိနေပြီး ၎င်းတို့အနက် ၃၀ ရာခိုင်နှုန်းကျော်ကို ဖော်ထုတ်နိုင်ခြင်းမရှိသေးကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာတွင် တီဘီရောဂါကူးစက်ပျံ့နှံ့မှုအများဆုံး ၂၂ နိုင်ငံထဲ၌ ပါဝင်နေ"**

### တီဘီရောဂါ

တီဘီရောဂါဆိုသည်မှာ အဆုတ်ကို ထိခိုက်ပျက်စီးစေသော ရောဂါတစ်ခုဖြစ်ပြီး ကိုယ်ခန္ဓာ၏ ဂလင်းအကျိတ်များ၊ အရိုးများ၊ အာရုံကြော စသည့် မည်သည့်အစိတ်အပိုင်းကိုမဆို ပိုးဝင်ရောက်နိုင်သည်။ တီဘီရောဂါပိုးသည် ဗက်တီးရီးယားပိုးကြောင့် ဖြစ်ပွားစေပြီး ကျောက်ကပ်၊ ကျောရိုးနှင့် ဦးနှောက်အပါအဝင် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများကိုလည်း ပျက်စီးစေနိုင်သည်။ ၎င်းရောဂါသည်လေမှတစ်ဆင့်ကူးစက်တတ်သောရောဂါဖြစ်၍ ချောင်းဆိုးခြင်း၊ စကားပြောခြင်း၊ နှာချေခြင်း၊ တံတွေးထွေးခြင်း၊ ရယ်မောခြင်း၊ သီချင်းဆိုခြင်း စသည်တို့မှ ရောဂါကူးစက်စေနိုင်သည်။ သို့သော် ကံကောင်းသည်မှာ ထိုသို့အလွယ်တကူ ရောဂါကူးစက်စေနိုင်သော်လည်း ထိထိရောက်ရောက် ကုသမှုခံယူပါက ပျောက်ကင်းနိုင်သောရောဂါဖြစ်သည်။ တီဘီရောဂါရှိသူနှင့် ဆက်ဆံမှုရှိနေကြသော ကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ရောဂါကူးစက်နိုင်ခြေပို၍ရှိသဖြင့် အထူးသတိပြုရန် လိုအပ်သည်။

### တီဘီရောဂါဖြစ်ရသည့် အကြောင်းရင်းများ

Mycobacterium Tuberculosis ခေါ် ဗက်တီးရီးယားပိုးကြောင့် တီဘီရောဂါဖြစ်စေပြီး ရောဂါဖြစ်သူနှင့် ထိတွေ့မှုများသည့်သူများကို ရောဂါကူးစက်နိုင်သည်။ ရောဂါပိုးဝင်ရောက်နေသော်လည်း ကိုယ်ခန္ဓာခုခံအားက ရောဂါပိုးကို မသတ်နိုင်သောအခါ Latent TB ဖြစ်စေသည်။ ယင်းပိုးကို ကိုယ်ခံအားစနစ်က ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ရောဂါပိုးပွားများပျံ့နှံ့နေသောအခါ တခြားသူများကို ကူးစက်လွယ်စေပြီး Active TB ဖြစ်စေသည်။ Latent TB ဖြစ်နေသူများမှာ ခုခံအားကျဆင်းပြီး အားနည်းသည့်အခါမျိုးတွင် Active TB အဆင့်သို့ ကူးပြောင်းသွားနိုင်သည်။

### တီဘီရောဂါ လက္ခဏာများ

ရက်သတ္တ နှစ်ပတ်နှင့်အထက် ချောင်းဆိုးခြင်း (တစ်ခါတစ်ရံ သွေးပါတတ်)၊ ချောင်းဆိုးသည့်အခါတိုင်း သလိပ်နှင့် သွေးစသွေးနများပါခြင်း၊ ရင်ဘတ်အောင့်ခြင်း (သို့မဟုတ်) အသက်ပြင်းပြင်းရှူလျှင် ရင်ဘတ်အောင့်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ ဖျားခြင်း (အဖျားမကြီးဘဲ တငွေ့ငွေ့ဖျားတတ်ခြင်း)၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ညနေပိုင်းတွင် တငွေ့ငွေ့ဖျားခြင်း၊ ညအခါတွင် ချွေးအလွန်ထွက်ခြင်း စသည်တို့သည် တီဘီရောဂါလက္ခဏာများ ဖြစ်ကြသည်။ ထို့ကြောင့် ရက်သတ္တနှစ်ပတ်နှင့်အထက် ချောင်းဆိုးလျှင်ဖြစ်စေ၊ ချောင်းဆိုးသွေးပါလျှင်ဖြစ်စေ ဆရာဝန်ဖြင့် မဖြစ်မနေပြသပေးရန် လိုအပ်သည်။

### တီဘီရောဂါ ကြိုတင်ကာကွယ်ခြင်း

ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်လာမှ ကုသခြင်းထက် ပိုမိုထိရောက်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါမဖြစ်အောင် BCG vaccine ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးကို တီဘီကူးစက်ရန် အခွင့်အလမ်းများသည့်သူများ၊ ထိုရောဂါအဖြစ်များသည့် နိုင်ငံတွင် နေထိုင်ခဲ့သည့် ကလေးငယ်နှင့် ကျန်းမာရေးဝန်ထမ်းများ စသည်တို့တွင် အဓိကထိုးနှံပေးလေ့ရှိသည်။ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။ ထို့ပြင် ချောင်းဆိုးသောအခါတွင်လည်း လက်ကိုင်ပဝါနှင့် ပါးစပ်ကို ပိတ်၍ ချောင်းဆိုးခြင်း၊ မိမိတံတွေးကို နေရာတကာ မထွေးဘဲ အဖုံးရှိသော ခွက်အတွင်း စနစ်တကျ ထွေးထုတ်ခြင်း၊ ၎င်းတံတွေးများကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်သော အခန်းတွင် နေထိုင်ခြင်း စသည့်နည်းတို့ဖြင့် တစ်ဦးမှတစ်ဦးသို့ ရောဂါမကူးအောင် ကာကွယ်ရန် အရေးကြီးသည်။

### တီဘီရောဂါအတွက် ဓာတ်စာများ

အောက်ဖော်ပြပါ အစားအသောက်များက တီဘီရောဂါကို သက်သာပျောက်ကင်းစေနိုင်သော သဘာဝကုထုံးဓာတ်စာများ ဖြစ်ကြသည်။ သို့သော် သန့်ရှင်းလတ်ဆတ်ရန်လိုအပ်ပြီး ဓာတုပစ္စည်းကင်းဝေးသည့် အစားအစာမျိုး ဖြစ်ရပါမည်။

- ပဲပိစပ်က တီဘီရောဂါဖြစ်စေတတ်သော ဗက်တီးရီးယားတို့ကို တိုက်ထုတ်ပေးကာ ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်ကောင်းမွန်စေသည်။
- ပရိုတင်းဓာတ်ကြွယ်ဝသော နွားနို့ကို နေ့စဉ်သောက်ပါ။
- ကြက်ဥစားပေးခြင်းဖြင့်လည်း ပရိုတင်းဓာတ်လုံလောက်စွာ ရရှိနိုင်ပါသည်။
- ခွန်အားပြည့်စေသော ဆန် (ထမင်း)၊ ကောက်နှံအမျိုးမျိုး၊ ဂျုံ၊ မြေပဲ စားပေးပါ။
- ဗီတာမင်စီကြွယ်ဝသော မာလကာသီးကလည်း ခန္ဓာကိုယ်ထဲမှ အဆိပ်အတောက်များကို သန့်စင်ပေးပြီး တီဘီရောဂါအတွက် ဓာတ်စာတစ်မျိုး ဖြစ်သည်။
- ငှက်ပျောသီး၊ သရက်သီး၊ သင်္ဘောသီး၊ တရုတ်ဆီးသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့ စသည့် အဝါရောင်တောက်တောက် သစ်သီးများထဲတွင် ဗီတာမင်အေပါရှိနေပြီး တီဘီရောဂါအတွက် ကောင်းကျိုးပြုပေးနိုင်သည်။
- ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီစိမ်း စားပေးပါ။
- ဗီတာမင်ဘီ ဓာတ်ပေါင်းစုများဖြစ်သော နေကြာစေ့၊ လျှော်စေ့နှင့် ငါးအမျိုးမျိုး၊ ကြက်သားတို့ကလည်း တီဘီရောဂါသည်များကို ကောင်းကျိုးပြုပေးနိုင်သည်။
- ဇင့်ဓာတ်က တီဘီရောဂါအတွက် လွန်စွာကောင်းကျိုးပြု၍ ၎င်းဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည့် ရွှေဖရုံစေ့၊ နေကြာစေ့အပါအဝင် အခွံမာသီး အစေ့အဆန်များကို နေ့စဉ်လက်တစ်ဆုပ်စာ စားပေးသင့်သည်။
- အခါးဓာတ်ရှိသော ဆင်တုံးမနွယ်နှင့် တမာပင်တို့က တီဘီရောဂါဖြစ်စေသော ရောဂါပိုး (Mycobacterium Tuberculosis) ကို ထိထိရောက်ရောက် နှိမ်နင်းပေးနိုင်ပါသည်။
- တီဘီရောဂါသည်များအနေဖြင့် ရေနွေးပူပူကိုသာ သောက်သုံးသင့်ပါသည်။

### တီဘီရောဂါအတွက် အထူးရှောင်ရှားရမည့် အစားအစာများ

- အရက်နှင့် အယ်လ်ကိုဟောလ်ပါဝင်သော မည်သည့်အချိုရည်များကိုမဆို ရှောင်ရှားသင့်ပါသည်။
- ကာဗွန်ပါသော အချိုရည်များကိုလည်း မသောက်ပါနှင့်။
- ကဖိန်းဓာတ်များသော လက်ဖက်ရည်၊ ကော်ဖီတို့အပြင် ကဖိန်းဓာတ်ပါသော အစားအစာများကို ရှောင်ပါ။
- ဆေးလိပ်၊ ဆေးရွက်ကြီးများကလည်း တီဘီရောဂါကို ပိုမိုဆိုးရွားစေနိုင်သည်။
- ဆားနှင့် အငန်ဓာတ်လွန်ကဲသော အစာများ မစားသင့်ပေ။
- အသားခြောက်အမျိုးမျိုး၊ ချိစ် (ခေါ်) ဒိန်ခဲ၊ တူနာငါးတို့ကလည်း တီဘီရောဂါအတွက် ဘေးဖြစ်စေပါသည်။
- ရေခဲရေရှောင်ပါ။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နေချိန်တွင် တီဘီရောဂါသည်များနှင့် ဆေးယဉ်ပါး တီဘီရောဂါသည်များက သာမန်သူများထက် အထူးသတိရှိရန် လိုအပ်နေပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကိုလည်း သက်ဆိုင်ရာဆရာဝန်များနှင့် ဆွေးနွေးကာ ကိုဗစ်-၁၉လမ်းညွှန်ချက်များနှင့်အညီ တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း



**နေပြည်တော် မတ် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေပြည်တော်ဝင်သာမဏေကျော် ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာဇောတိကာရာမကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် မိုးမိတ်မြို့နယ်ရှိ ရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ရှိ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မအူပင်မြို့၌ မင်းလမ်း-ဆည်မြောင်းလမ်းနှင့် ၂ လမ်းကြား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မအူပင် မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် မင်းလမ်း-ဆည်မြောင်းလမ်းနှင့် ၂ လမ်းကြား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါလမ်းမုခ်ဦးရှေ့တွင် ဆောင်ရွက်သည်။

လမ်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူများကိုယ်စား အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းနိုင်က ကျေးဇူးတင်စကားပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် မင်းလမ်းကွန်ကရစ်လမ်းသစ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအေးလွင်၊ အဖွဲ့ဝင် ၁ ဒုတိယဗိုလ်မှူးကြီး နိုင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ မင်းလမ်းကွန်ကရစ်လမ်းသည် အရှည် ပေ ၁၄၁၀၊ အကျယ် ပေ ၂၀ နှင့် ဒု ရှစ်လက်မရှိပြီး လုပ်ငန်းတန်ဖိုးမှာ ဖ၉၄ ဒသမ ၄၀ သိန်း ကုန်ကျကာ တင်ဒါအောင်မြင်သည့် ပံသုရွှေပြည်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မအူပင်(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ် လေးအိမ်တန်းကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ဝါးခယ်မ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သော သရွတ်မြိုက်ကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဇော်နိုင်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ယင်းနောက် လေးအိမ်တန်းကျေးရွာ ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါ သရွတ်မြိုက်ကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာ ကွန်ကရစ်လမ်းသစ်သည် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ခု ခြောက်လဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် သရွတ်မြိုက်ကျေးရွာ အုပ်စု လေးအိမ်တန်းကျေးရွာ ကွန်ကရစ်လမ်းသစ်သည် အရှည် ပေ ၁၀၉၀၊ အကျယ် ခြောက်ပေ၊ ဒု ခြောက်လက်မရှိပြီး ခွင့်ပြုငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ် သိန်း ၁၃၀ ကုန်ကျခံဆောက်ရွက်သည့် ကွန်ကရစ်လမ်းသစ်ဖြစ်ကြောင်း သိရသည်။



ဝါးခယ်မ(ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၂၉ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအားကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၉၈,၃၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၀,၈၅၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၀၄) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၆၈,၃၄၉) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၆-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၆,၄၇၃,၇၀၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၆၇၀,၅၅၀) ဦး၊ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၈၀၃,၁၅၀) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၀၃၉,၆၃၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၆-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၉,၃၁၆,၄၈၆) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများတွင်နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၁) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၆၅) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၇၄) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၆၆၈) ခု | (၉၁) ဦး |
| စုစုပေါင်း | (၁၀,၀၉၉) ခု | (၁၃၀) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှု အခြေအနေ

(၂၆-၃-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၆၇၀,၅၅၀) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၈၀၃,၁၅၀) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၀၃၉,၆၃၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၆,၄၇၃,၇၀၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၉,၃၁၆,၄၈၆) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၁၆၉၃၆ | ၆၄၂၄၈၉၇၆ | ၁၀၀၃၄၂၅ |
| ၂။ | အိန္ဒိယ | ၄၃၀၁၉၄၅၃ | ၄၂၄၈၂၂၆၂ | ၅၂၁၀၃၄ |
| ၃။ | ဘရာဇီး | ၂၉၈၃၂၁၉၇ | ၂၈၄၆၄၄၃၆ | ၆၅၈၈၁၂ |
| ၄။ | ပြင်သစ် | ၂၄၉၁၉၃၉၉ | ၂၂၉၁၅၆၉၅ | ၁၄၁၆၃၁ |
| ၅။ | ဗြိတိန် | ၂၀၆၉၁၁၂၃ | ၁၈၇၈၃၁၇၇ | ၁၆၄၄၅၄ |
| ၆။ | ဂျာမနီ | ၂၀၁၇၀၁၃၀ | ၁၅၇၁၈၅၀၀ | ၁၂၈၇၅၇ |
| ၇။ | ရုရှား | ၁၇၇၆၂၇၄၂ | ၁၆၆၅၄၂၃၁ | ၃၆၇၃၅၁ |
| ၈။ | တူရကီ | ၁၄၇၈၉၄၈၃ | ၁၄၄၄၁၄၅၅ | ၉၇၇၃၆ |
| ၉။ | အီတလီ | ၁၄၃၀၄၁၁၁ | ၁၂၈၉၁၀၂၈ | ၁၅၈၇၀၀ |
| ၁၀။ | တောင်ကိုရီးယား | ၁၁၈၁၅၈၄၁ | စိစစ်ဆဲ | ၁၄၈၉၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၈၉၁၉၅၅၇ | ၅၁၆၆၁၁၇ | ၄၂၂၅၈ |
| ၂။ | အင်ဒိုနီးရှား | ၅၉၉၈၉၅၃ | ၅၇၁၄၆၆၂ | ၁၅၄၆၇၀ |
| ၃။ | မလေးရှား | ၄၁၂၂၀၀၄ | ၃၈၄၄၇၆၆ | ၃၄၇၅၁ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၆၉၉၁ | ၃၅၇၅၁၄၁ | ၅၉၀၁၅ |
| ၅။ | ထိုင်း | ၃၅၂၉၀၈၅ | ၃၂၅၂၃၅၀ | ၂၄၈၀၂ |
| ၆။ | စင်ကာပူ | ၁၀၆၇၁၅၇ | ၁၀၀၉၄၀၈ | ၁၂၄၆ |
| ၇။ | မြန်မာ | ၆၁၀၈၅၈ | ၅၆၈၃၄၉ | ၁၉၄၃၀ |
| ၈။ | လာအို | ၁၆၇၉၉၃ | ၁၅၁၁၆၃ | ၆၆၀ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၅၄၆၁ | ၁၃၁၄၁၃ | ၃၀၅၄ |
| ၁၀။ | ဘရူနိုင်း | ၁၃၁၄၀၃ | ၁၂၄၄၆၅ | ၂၀၂ |

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ချေးငွေထုတ်ချေး

(ယမန်နေ့မှအဆက်)

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ/လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၂၇၉ | ဦးကျော်ဆွေ (နန်းသဇင်စည်တော်ကြီး) | မိကျောင်းတက်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၀ | ဦးတာတာလင်း (နန်းဇမ္ဗူစည်တော်ကြီး) | မြို့ပြင်ကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၁ | ဦးသန်းထွန်း (မဟာစည်တော်) | ရုံးစည်ကြီးရပ်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၂ | ဦးတက်ခေတ် (တက်ခေတ် မင်္ဂလာစည်တော်ကြီး) | ဖန်ခါးပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၃ | ဦးကံမွန် (ဖွဲလုလင်တေးဂီတ) | တံငါသည်ကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၄ | ဦးကျော်ဇေယျာမင်း (တေးမြို့လေးကိုဇေအဖွဲ့) | အမှတ် (၇)၊ ဇရပ်ကွင်းရွာ၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၅ | ဦးလွင်မျိုးဦး (ရွှေညီနောင်တေးဂီတ) | ညောင်ကုန်းမြောက်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၆ | ဦးသိန်းဆွေဦး (သံစဉ်လှိုင်းတေးဂီတ) | ငါးမင်းတောင်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၇ | ဦးမျိုးသက်ဝေ (ခ) ဦးပိုင်ကိုကျော် (ပိုင်တေးဂီတ) | အုပ်တိုက်ကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၈ | ဦးစိန်ညို (တက်သစ်စဗျော) | ဝသုန္ဒရကျေးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၈၉ | ဒေါ်မြတ်နုသွေး (ခ)မြတ်သူဇာအေး (ရင်ခုံသံနှင်းဆီ တေးဂီတ) | (က/ ၃၁၇)၊ အင်းဝလမ်း၊ ရန်ကင်းသာယာရပ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၀ | ဦးလှဟန် (ရောဝတီသုခုမ အနုပညာ) | (ဘ/ ၁)၊ (၅၉) လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၁ | ဦးဝင်းမြိုင် (စိန်ဝင်းမြိုင်မောင်းအငြိမ့်) | ပေါ်သွယ်ကျေးရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၂ | ဒေါ်တင်ဆွေဝင်း (မေတ္တာရှိန် တစ်ကိုယ်တော်အငြိမ့်) | ဝါးတိုဈေးကုန်းရပ်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၃ | ဒေါ်နန်းခင်မွေး (နန်းခင်မွေး တစ်ကိုယ်တော်) | (သ/ ၉)၊ အမှတ် (၆) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၄ | ပန်တျာဂျက်မ (ခ) ဒေါ်ဖြူဖြူနှင်း (ကုတင်ထိုးအငြိမ့်) (ဂျက်မ တစ်ကိုယ်တော်) | အမှတ် (၁၂) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၅ | မန်းတက္ကသိုလ်အာလာဒင် (အာလာဒင် မျက်လှည့်) | ၈၈-၈၉ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၆ | ဦးအောင်သူရစိုး (ဇော်ဂျီမောင် ဆင်အက) | ဆူးကုန်းရပ်ကွက်၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၇ | ဦးအောင်ဇော်လင်း (မျိုးမြန်မာ တေးသရုပ်ဖော်) | မယ်တော်စုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၈ | ဟစ်ဟော့ ရွှေရိုးဒေါ်မိုး ဂီတ (ဟောတော့ရွှေရိုး) | မယ်တော်စုရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၉၉ | ဒေါ်ဟန်စုယဉ် ရုပ်စုံရုပ်သေးအဖွဲ့ (ရုပ်စုံအဖွဲ့) | (၁၀) လမ်း၊ ၆၆-၆၇ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၀ | ဦးမြင့်ဆွေ (ခ) ဦးနန်းမြင့်ဆွေ (နန်းမြင့်ဆွေဘိသိက်) | ဘုရားကြီးဝင်းအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၁ | ဒိုးလက် ဘိသိက် | (ဟ/ ၈၉)၊ ကံသာယာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၂ | ဦးသန့်ဇင် (သိန်းဇော် ဘိသိက်) | အမှတ် (၁၆)၊ (ဆဆ/ ၁၄) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၃ | ဦးထွန်းမင်းဦး (ခ) အမေ့သားတက်လူ (အမေ့သားတက်လူ ဘိသိက်) | ရုံးပင်ရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၄ | ဦးရွှေမန်းအောင်မြင့် (ခေတ်သစ်အောင်မြင် ဘိသိက်) | တောင်နောက်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၅ | ဦးဇော်ဝင်းမောင် (သိန်းဇော် ဘိသိက်) | တောင်လွဲကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၆ | ဦးငွေအောင် (ခ) ဦးနန်းငွေအောင် (မင်္ဂလာဘိသိက်) | အကွက်(၂၆၈) ၊ ဥယျာဉ်အုပ်စင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၇ | ဦးရဲသူရ (ခ) ရဲသူရ (ကန္နားစီး နတ်ဒေဝါ) | (၈၃၅)၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၈ | ဦးအောင်ကြိုင် (ကန္နားစီး နတ်ဒေဝါ) | (၅၀၆)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၀၉ | ဒေါ်ရီ(ဒေဝါတည်ထောင်သူ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၀ | ဒေါ်မြသွေးနွယ် (ခ) ဒေါ်ဝင်းမာ (ဒေါ်ဝင်းမာ ကန္နားစီးဒေဝါ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၁ | ဒေါ်သိန်းသိန်း (ဒေါ်သိန်းသိန်း ကန္နားစီး ဒေဝါ) | အမှတ် (၁) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၂ | ဦးထွန်းအောင်ကျော် (ကန္နားစီး နတ်ဒေဝါ) | (၅၃၂)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၃ | ဒေါ်မိုးကြည် (နတ်ဒေဝါ ကန္နားစီးဒေဝါ) | မြို့ပြင်ကြီးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၄ | ဒေါ်ကြည်ဆိုင် (ဒေဝါ နတ်ကန္နားစီးဒေဝါ) | ရန်ကင်းရပ်ကွက်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၅ | ဒေါ်ချစ်ချစ် (ကန္နားစီးဒေဝါ) | ပျဉ်တပ်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၆ | ဦးသန်းထွန်း (ကန္နားစီးဒေဝါ) | ကျော်ဇင်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၇ | ဦးလှထွန်း (ကန္နားစီးဒေဝါ) | စံပြသိမ်ကုန်းရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၈ | ဒေါ်တင်တင်ငွေ (ကန္နားစီးဒေဝါ) | ရွှေစည်းခုံရပ်ကွက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၁၉ | ဦးငယ်လေး (ခ) သန်းဇော်ထိုက် (ဒေဝါဆိုင်း) | (၉၁၉) ရပ်ကွက်၊ မေတ္တာလမ်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၀ | သဘင်လုပ်ငန်းစု | အောင်ဇေယျ (၅)၊ ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၁ | သဘင်လုပ်ငန်းစု | အောင်မြေသာစံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၂ | စေတော်ဝင် မင်္ဂလာဆိုင်း | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၃ | ကျော်သူအောင် မင်္ဂလာဆိုင်း | ညောင်ကုန်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၄ | ခန့်ကိုကို မင်္ဂလာဆိုင်း | ညောင်ကုန်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၅ | ဗိုလ်ဗိုလ်ချစ် မင်္ဂလာဆိုင်း | ကသစ်ပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၆ | ဇေယျာမောင်ဆိုင်း | ရေနီကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၇ | စိန်ဗိုလ်တင့် မင်္ဂလာဆိုင်း | ကသစ်ပင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၈ | ထင်လင်းအောင် မင်္ဂလာဆိုင်း | ထန်းတောရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၂၉ | ဇော်ဇော်နိုင် မင်္ဂလာဆိုင်း | မြို့ဦးကွက်သစ်၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၀ | ကံကြီးမောင် စည်တော်ကြီး | နှောကန်ကျေးရွာ ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၁ | ရတနာ စည်တော်ကြီး | ကုန်းလည်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၂ | ကြံတိုင်းအောင် စည်တော် | ကူနီရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၃ | ရတနာအောင် စည်တော် | ရေထွက်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၄ | မျိုးဆက်သစ် မင်္ဂလာစည်တော် | ဆုံတွင်းကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၅ | ရွှေအလင်္ကာ စည်တော် | သဆွတ်ကုန်းရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၆ | ရွှေညီအစ်ကို စည်တော် | သရက်ကန်တောင်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၇ | ကန္နားစီး ဦးစိန်ဝင်း | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၈ | ကန္နားစီး မေဝင်းမောင် | ကြာကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၃၉ | ကန္နားစီး ဒေဝါ | နှောကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၀ | ကန္နားစီး ခင်ဇော် | ရေငံရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၁ | ကန္နားစီး သန္တာကျော် | ရွှေပေါ်ကျွန်း၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၂ | လှိုင်ဝင်းအောင် ဘိသိက် | ဝွေးညိုဝင်းရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၃ | ကန္နားစီး တင်တင်လှိုင် | ရုံးကန်ရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၄ | ဒေဝါ အောင်ပြည့်ဖြိုးဟန် | အောင်မြေသာစံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၅ | မန္တလေးလွင်အောင် ဆိုင်း | ကူမဲပေါလှရပ်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၆ | ကန္နားစီး မျိုးမင်းဇော် | ပြည်လုံးအုံ့ရွာ၊ ကူမဲ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၇ | ကျော်ကျော်အောင် ကန္နားစီး | မြို့မအရှေ့ရပ်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၈ | အိအိထွန်း ကန္နားစီးဒေဝါ | ကူမဲရွာမ အနောက်၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၄၉ | ဒေါ်ညိုစန်း ကန္နားစီးဒေဝါ | ကံတောင်ရွာ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၀ | အောင်နိုင်ဝင်း ကန္နားစီးဒေဝါ | အိုးကြီးကွေ့ရွာ၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၁ | နိုင်ကိုလင်း မင်္ဂလာဆိုင်း | ထိန်ကုန်းရပ်၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၂ | အောင်ဇော်ဗိုလ် မင်္ဂလာဆိုင်း | အမှတ် (၇)၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၃ | မြတ်သူ ကန္နားစီးဒေဝါ | ညောင်ရမ်းရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၄ | ကန္နားစီး သက်ဝေ | မကျဉ်းကံရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၅ | ဒေဝါမင်းမင်း ကန္နားစီး | အိုင်ကြီးလည်ရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၆ | ပတ္တမြား နတ်ဆိုင်း | ချောင်းဝရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၇ | အောင်ကျော်ခိုင် ဖြောအဖွဲ့ | ရွှေပြည်ရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၈ | တက္ကသိုလ်ခိုင်ဇာလင်း ဆိုင်း | ညောင်ဝန်းရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၅၉ | သော်တာ နတ်ဆိုင်း | ညောင်ပင်ပုရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၀ | စိန်ဖား ဗိုလ်ကျား အဖွဲ့ | ပင်လယ်ကြီးကျေးရွာ၊ စဉ့်ကူးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၁ | ပုဂံသားလေး ဆန်းထွန်းအောင် | ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၂ | ဦးအုန်းညွှန့်စိန် ဘိသိက် | မှန်ချိုရပ်ကွက်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၃ | ဒေဝါကန္နားစီး | မှန်ချိုရပ်ကွက်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၄ | ဒေဝါကန္နားစီး | သာယာဝတီရပ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၅ | ဒေါ်ငွေမြင့် (မျိုးခိုင် ဆိုင်း) | ညောင်ပင်သာဆည်ရွာ၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၆ | ဦးတင်ရှိန် (ခေတ်မြန်မာ မင်္ဂလာဆိုင်း) | အမှတ်(၂) နယ်မြေ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၇ | ဦးမောင်ဆင့် (တက္ကသိုလ် သားဗဒင်ဆိုင်း) | လေးမျက်နှာရွာ၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃၆၈ | ဦးတင်ငွေ (မန္တလေး ရဲသီဟ မင်္ဂလာဆိုင်း) | အမှတ်(၂) နယ်မြေ၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၅-၃-၂၀၂၂ ရက်နေ့မှအဆက်

ကိုငှက်ရိုးစကားကို နားထောင်နေသူမှာ စင်စစ်တွင် စိတ်ပါဝင်စားခြင်းမရှိလှ။ သူသည် အရက်သောက်ကောင်းရုံလောက်သာ စကားစပျိုးပေးနေခြင်းဖြစ်သည်။ ကိုငှက်ရိုး စကားပြောနေစဉ်တွင် သူသည် အရက်ကိုသာသောက်နေသည်။

ကိုငှက်ရိုးကမူ စိတ်ပါလက်ပါ စကားဆက်သည်။

"ဒီမိန်းမကြီးကလည်းအဆန်းဗျ။ နေတာက ပြည်လမ်းမှာ။ ချမ်းသာလိုက်တာကလည်း ကျိကျိတက်နေတာပဲ။ ရေနံတွင်းသူဌေးလို့ပြောကြတာပဲ"

သည်တွင် ကိုငှက်ရိုး ရှေ့မှလူ ခေါင်းထောင်လာသည်။

"ရေနံချောင်းကလား"

ကိုငှက်ရိုး၏ မျက်နှာကို စူးစိုက်ကြည့်ရင်း မေးသည်။

"ဟုတ်တယ်။ ကျုပ်တို့အငြိမ့်ထဲက ကလေးမကသူလည်း ရေနံချောင်းဇာတိပါလို့ ပြောတာနဲ့ ဆုငွေငါးရာဆုချလိုက်သဗျာ။ အဲဒီနောက်မှာတော့ သူ့သမီးနဲ့တူတယ်ဆိုပြီး အဆက်အသွယ်ဖြစ်နေတော့တာပဲ"

ကိုငှက်ရိုးရှေ့မှလူသည် ပိုမိုစိတ်ဝင်စားလာဟန်ပြသည်။ ကိုငှက်ရိုး၏စကားကို အသေအချာ စူးစိုက်နားထောင်ဖော်ရလာသည်။

"အဲဒီ ကလေးမဟာ တကယ်ကော တူသတဲ့လား"

"တကယ်တူလို့ပဲ ထင်ပါရဲ့ဗျာ။ မိန်းမကြီးက တမ်းတမ်းစွဲနေတော့တာပဲ။ မိန်းမကြီးဆိုပေမဲ့ မကြီးလှသေးဘူး။ အဲကျုပ်တို့က သူ့ရဲ့ အနှစ်လေးဆယ်မြောက် မွေးနေ့မှာကခဲ့ရတာဆိုတော့ အသက်လေးဆယ်ပဲ ရှိသေးတာပေါ့"

ကိုငှက်ရိုးရှေ့မှလူသည် အရက်အတော် များများကို တစ်ကျိုက်တည်း မော့သောက်လိုက်သည်။ သူသည် ကိုငှက်ရိုး၏မျက်နှာကို မကြည့်တော့။ ဝေးလံသောနေရာသို့ ငေးကြည့်ရင်းမှမေးလိုက်သည်။

"ခင်ဗျားပြောတဲ့ သူဌေးမကြီးရဲ့ နာမည်ဟာ ဒေါ်ရေနံ့သာ ခင်ခင်ကြီးဆိုတာများ ဖြစ်နေမလားဗျာ"

ကိုငှက်ရိုးသည် ထိုသူ၏မျက်နှာကို အံ့ဩဟန်ဖြင့် ဆတ်ခနဲ ကြည့်လိုက်သည်။

"ဒေါ်ရေနံ့သာခင်ခင်ကြီး" ကိုငှက်ရိုး ယင်းအမည်ကို အလျင်ပြောသည်။ "ဟုတ်တယ်၊ ဟုတ်တယ် သူ့နာမည်က ဒေါ်ရေနံ့သာခင်ခင်ကြီးတဲ့။ နာမည်က မဆန်းလား"ဆိုသည်။ တစ်ဆက်တည်းမှာပင် "နေစမ်းပါဦးဗျာ၊ ခင်ဗျား သူ့ကို သိလို့လား"

အဖြေမပေးခင် ထိုသူ သက်ပြင်းအလျင်ရှိုက်သည်။

"သိတယ်ပဲ ဆိုကြပါစို့ဗျာ"

ကိုငှက်ရိုးသည် ထိုသူအား ပိုမိုစိတ်ဝင်စားလာရသလိုရှိသည်။

"နေစမ်းပါဦးဗျ။ ဒီမိန်းမကြီးအကြောင်း သိနေရအောင် ခင်ဗျားက ရေနံချောင်းကလား"

"ဆိုပါတော့ဗျာ"

ထိုသူသည် စကားကို အလေးအနက်ထား၍ ပြောချင်ဟန်ဖြင့် စားပွဲပေါ်တွင် လက်ထောက်လိုက်သည်။

"ဒီမယ် ကိုငှက်ရိုး၊ ခင်ဗျား မချမ်းသာချင်ဘူးလား"

"ဗျာ"

"မချမ်းသာတဲ့တိုင် ငွေပေါပေါများများ မသုံးချင်ဘူးလား"

"ဘာဗျာ"

ကိုငှက်ရိုးသည် ထိုသူ၏ မျက်နှာကို အကဲမဖမ်းနိုင်။ ထိုသူ၏စကားများကိုလည်း နားမလည်နိုင်အောင်ရှိရသည်။

"ခင်ဗျား ဒီကနေ့ ကျုပ်နဲ့တွေ့ရတာ ဇာတာစန်းလင်္ဂ တက်လာတယ်လို့သာ မှတ်ပေတော့ ကိုငှက်ရိုးရေ၊ သိလား။ ကျုပ်မှာ ဒေါ်ရေနံ့သာခင်ခင်ကြီးနဲ့ ပတ်သက်လို့ အကွက်တစ်ကွက်ရှိတယ်။ အဲဒီအကွက်သာ ဝင်ရင် ခင်ဗျား ရဲ့ လက်ဖျားမှာ ငွေသီးနေပြီလို့သာ မှတ်ပေတော့"

"ဘာကို ဆိုလိုတာလဲဟင်"

"ခင်ဗျားသိတဲ့အတိုင်း ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ သူ့ရဲ့ ပျောက်ဆုံးနေတဲ့ ကလေးနဲ့ ပတ်သက်လာရင် ငွေကို တစ်စက်ကလေးမှ မနှမြောဘူး မဟုတ်လား။ ခင်ဗျားတို့ အငြိမ့်အဖွဲ့ ထဲက သူ့သမီးနဲ့တူတယ်ဆိုတဲ့ ကလေးမကို တည်ကြက်လုပ်ပြီး ဒေါ်ရေနံ့သာခင်ခင်ကြီးကို တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေတဲ့ ငန်းမကြီးဖြစ်အောင် လုပ်ရမှာပဲ ကိုငှက်ရိုး"

ကိုငှက်ရိုးသည် ထိုသူ၏စကားကို ယခုအခါ တစ်စွန်းတစ်စ နားလည်လာမိသလိုရှိသည်။ သို့တိုင်အောင် အပြည့်အစုံနားလည်နိုင်ခြင်းကား မရှိသေး။ ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ ငွေရအောင် လုပ်ရမည်ဟု သူ့အနေနှင့် ယေဘုယျမျှ နားလည်လိုက်သည်။ ငွေရဖို့ဆိုတော့လည်း သူ့စိတ်အစဉ်မှာ တက်ကြွလာသည်။ ငွေဆိုသည်မျိုးကလည်း သည်းခြေကြိုက် အစာပင် မဟုတ်ပါလား။

ကျုပ်ဟာ ဒေါ်ရေနံ့သာ ခင်ခင်ကြီးရဲ့ အကြောင်းကို လုံးဝဥဿုံ သိထားတဲ့ လူတစ်ယောက်ပဲ ကိုငှက်ရိုး၊ ကျုပ်ဟာ အကွက်ဆင်လိုက်ရရင် ဒေါ်ရေနံ့သာ ခင်ခင်ကြီးဆီကငွေတွေ ဝေါခနဲကျလာနိုင်တယ်"

"ရာဇဝတ်မှုနဲ့ရော ကင်းရဲ့လားဗျာ"

"ကင်းပြီလားဗျ။ ခင်ဗျားဘာမှ မပူနဲ့။ အားလုံးစီစဉ်မယ်၊ ခင်ဗျားအနေနဲ့ ကျုပ်နောက်လိုက်ပြီး ကျုပ်စကားနား ထောင်ရုံပဲ။ ဟုတ်ပြီလား"

ထိုသူ့ အားတက်သရောပြောနေရာ ကိုငှက်ရိုး ခေါင်းညိတ်မိလျက်သားဖြစ်နေသည်။

"တစ်ခုရှိသေးတယ်။ ခင်ဗျားတို့ အငြိမ့်အဖွဲ့ ထဲက မင်းသမီးဟာ ဘယ်သူ"

"နန်းကိန္နရီ"

"အဲ အဲဒီကလေးမကရော စည်းရုံးလို့ရပ့ါမလား။ ကျုပ်တို့ခိုင်းတာ လုပ်ပ့ါမလား"

"ရနိုင်လိမ့်မယ်ထင်တာပဲ။ ဒီလိုရှိတယ်။ နန်းကိန္နရီဆို တာကလည်း နောက်ကြောင်းသိပ်ရှင်းလှတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးထင်တယ်။ ငွေနဲ့မျှားရင်ပဲ ဖြစ်ဖြစ်၊ တခြားနိုင်ပေါက်တစ်ခုခုကို ကိုင်ထားရင်ပဲဖြစ်ဖြစ် စည်းရုံးလို့ရမယ်ထင်တယ်"

"ကိုင်း ဒါဖြင့် ဘာလိုသေးလဲ ကိုငှက်ရိုး"

"နောက်တစ်ခုလည်း ရှိသေးတယ်ဗျာ"

"ဆိုပါဦး"

နန်းကိန္နရီမှာရောဂါရှိတယ်၊ သူ့ရောဂါကလည်း ခပ်ဆန်းဆန်းရယ်။ အတိတ်မေ့ရောဂါဆိုလား မသိဘူး"

"အတိတ်မေ့ရောဂါ"

ထိုသူသည် ကိုငှက်ရိုးစကားကို လိုက်၍ဆိုသည်။

"ဟုတ်တယ်။ ကျုပ်လည်း ဒီရောဂါကို သူနဲ့တွေ့မှ ကြားဖူးတော့တာပဲ။ ခေါင်းလိုနေရာမျိုးမှာ ဒဏ်ရာတွေ ဘာတွေရပြီး သူ့ဘဝရဲ့ အပိုင်းတစ်ပိုင်းကို မေ့သွားတယ် ဆိုလားမသိပါဘူးဗျာ။ အစကတော့ ကျုပ်တို့တစ်တွေကို သူ့အကြောင်းမပြောချင်တာနဲ့ မေ့ချင်ယောင်ဆောင်နေတယ် လို့ ထင်ထားတာ"

ထိုသူသည် အလေးအနက်တွေးတောနေသည်။ အတန်ကြာအောင် ငြိမ်သက်စွာစဉ်းစားနေသည်။ ပြီးလျှင်မူ သူသည် ကျေနပ်အားရသလိုဆိုသည်။

ဒါဆိုရင် ပိုပြီး ဖန်တီးလို့ ရတာပေ့ါ ကိုငှက်ရိုး၊ ပိုပြီးအကွက်ဖော်လို့ ကောင်းလာတာပဲ။ ခင်ဗျားစိတ်ကို အေးအေးသာထားပေတော့ ကိုငှက်ရိုး၊ ခင်ဗျားနဲ့ကျုပ် ထပ်ပြီး တွေ့ကြသေးတာပေ့ါ။ အဲဒီအခါ အစီအစဉ် ထပ်လုပ်ကြသေးတာပေ့ါ ဟုတ်လား။

သို့နှယ်ဖြင့် သူတို့ဝိုင်းသို့ အခြားသော မိတ်ဆွေများ ရောက်လာသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပတ်သက်၍ စကားပြတ်သွားရသည်။ အခြားသော စကားများကိုသာ ပြောဖြစ်သည်။

ထိုနေ့ညက ကိုငှက်ရိုးအတော်မူးသည်။ အတော်ချည်း ညဥ့်နက်လေမှပင် အိမ်သို့ ပြန်ဖြစ်သည်။

ကိုငှက်ရိုး အများနှင့် ခွဲခွာ၍ပြန်မည်ဆိုသောအခါ စောစောကလူသည် သူကိုယ်တိုင်အိမ်သို့ လိုက်ပို့ပေးမည်ဟု ဆိုသည်။ ကိုယ်ငှက်ရိုး၏အိမ်ကို သူ့အနေနှင့် သိထားဖို့ လိုအပ်သည်ဟု ပြောသည်။ သူတို့နှစ်ယောက် အတူတကွ တစ်ယောက်ပခုံး တစ်ယောက်ဖက်လျက်လာခဲ့ကြသည်။

"ကိုငှက်ရိုးရေ"

အဖော်ဖြစ်သူက ခေါ်သည်။

"ဗျာရေ"

ကိုငှက်ရိုးက အငြိမ့်ထဲကလို ထူးသည်။

"ကျုပ်ပြောတာတွေ မမေ့နဲ့နော်။ နောက်ပြီး တခြားလူတွေကိုလည်း လျှောက်မပြောလိုက်နဲ့ဦး ဟုတ်လား"

"စိတ်ချအာစရိ။ ဘယ်သူ့ကိုမှ မပြောဘူး"

ကိုငှက်ရိုး၏ အိမ်သို့ရောက်လာကြသည်။ အိမ်မှာ တံခါးပိတ်ထားသည်။ အိမ်သားတို့ အိပ်စက်နေကြပုံရသည်။ ထို့ကြောင့်ပင် ကိုငှက်ရိုး၏ အဖော်က အိမ်အတွင်း မဝင်တော့ပါဟု ပြောသည်။

သူသည် ကိုငှက်ရိုးအား အိမ်ပေါက်ဝတွင် ထားခဲ့သည်။

"ကျုပ်ပြန်တော့မယ် ကိုငှက်ရိုး"

ကိုငှက်ရိုး ခေါင်းညိတ်ပြသည်။ လက်တွေဘာတွေ ဝှေ့ယမ်းပြရင်း တဲ့တာတိတီဆိုလိုက်သေးသည်။

ထိုသူ အတော်ချည်း ဝေးသွားလေမှပင် ကိုငှက်ရိုး တစ်စုံတစ်ရာကို သတိရမိသလို လှမ်းခေါ်သည်။

"ဗျို့ ဆရာ ခဏနေပါဦး"

ထိုသူ ခြေလှမ်းတုံ့သွားသည်။ ကိုငှက်ရိုးဘက်သို့ လှည့်ကြည့်လာသည်။

"ဒါထက် စိတ်တော့မရှိနဲ့ဗျာ ခင်ဗျားရဲ့ နာမည်ကို အခုထက်ထိ ကျုပ်မသိရသေးဘူး။ နာမည်ကလေး တစ်ဆိတ်လောက်"

"ကျုပ်နာမည်လား၊ ဟုတ်လား"

"ဟုတ်တယ်"

"ကျုပ်နာမည် မောင်မောင်ဦး"

"မောင်မောင်ဦး"

ကိုငှက်ရိုးသည် ယင်းအမည်ကို မမေ့ပျောက်ကောင်းသော ဂါထာတစ်ပုဒ်နှယ် အထပ်ထပ်အခါခါ ရွတ်ဆိုနေမိပါချေ၏။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

**"ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ သူ့ရဲ့ ပျောက်ဆုံးနေတဲ့ကလေးနဲ့ ပတ်သက်လာရင် ငွေကို တစ်စက်ကလေးမှ မနှမြောဘူးမဟုတ်လား။ ခင်ဗျားတို့ အငြိမ့်အဖွဲ့ထဲက သူ့သမီးနဲ့တူတယ်ဆိုတဲ့ကလေးမကို တည်ကြက်လုပ်ပြီး ဒေါ်ရေနံ့သာခင်ခင်ကြီးကို တစ်နေ့ ရွှေဥတစ်လုံး ဥပေးနေတဲ့ ငန်းမကြီးဖြစ်အောင်လုပ်ရမှာပဲ ကိုငှက်ရိုး"**

**ငွေရဖို့ဆိုတော့လည်း သူ့စိတ်အစဉ်မှာ တက်ကြွလာသည်။**

**ငွေဆိုသည်မျိုးကလည်း သည်းခြေကြိုက်အစာပင်မဟုတ်ပါလား။**

**"ကျုပ်ဟာ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့အကြောင်းကို လုံးဝဥဿုံသိထားတဲ့ လူတစ်ယောက်ပဲ ကိုငှက်ရိုး၊ ကျုပ်ဟာ အကွက်ဆင်လိုက်ရရင် ဒေါ်ရေနံ့သာခင်ခင်ကြီးဆီက ငွေတွေ ဝေါခနဲကျလာနိုင်တယ်"**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## တပ်မတော်နေ့အထိမ်းအမှတ် လူငယ်များအတွက် ပြပွဲပြိုင်ပွဲများ ဆောင်ရွက်ပေး

ရန်ကုန် မတ် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်)ရှိ လူထုအခြေပြုဗဟိုဌာနတွင် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူလူငယ်များအတွက် စာစီစာကုံး၊ ဉာဏ်စမ်းပဟေဠိ၊ ဖတ်မှတ်စွမ်းရည်၊ ကျပန်းစကားပြော၊ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲများနှင့် နံရံကပ်စာစောင်များ ပြသခြင်း၊ စာအုပ်ပြပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ကျောင်းသား ကျောင်းသူလူငယ်များ စဉ်းစားတွေးခေါ်မှု မြင့်မား၍ ဖြတ်ထိုးဉာဏ်များ ကောင်းမွန်စေရန်အစရှိသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို ကျင်းပခဲ့ရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ အထက်တန်းကျောင်းသား ကျောင်းသူ ၂၀ စီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ခရိုင်ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ပြပွဲပြိုင်ပွဲများသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကို (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များ ပြသခြင်း၊ စာအုပ်ပြပွဲနှင့် လက်ကမ်းစာစောင်များကို ခရိုင် ပြန်/ဆက် အသိပညာပေး ဦးစီးဌာန ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ညဏ်ဟိန်း



## တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၇

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ကရင်ပြည်နယ် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှဘုရားကြီးမြို့သို့ သွားရောက်မည့် (လိုင်စင်မဲ့) ဆီသယ်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)** သိမ်းဆည်းရမိခဲ့ပြီး ကော့ကရိတ်မြို့မရဲစခန်းသို့လွှဲပြောင်း၍ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့သောင်းမြို့ တော်ဝင်တံတားစစ်ဆေးရေးတာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တော်ဝင်စစ်ဆေးရေးတံတား၏ ဆိပ်ခံတံတား၌ စုပုံထားရှိသော တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၂၂၀၀)** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



တနင်္သာရီတိုင်းဒေသကြီး၌ ဆိုင်ကယ်အပိုပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်း။

ထို့အတူ မတ် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း တရားမဝင် လူသုံးကုန်အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၁၄၀၀၀)အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ဟုမ္မလင်းမြို့နယ်အတွင်း (လိုင်စင်မဲ့) ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)အားလည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၁၄၀၀၀)** သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်ကျွန်းသစ် တန် ၆ ဒသမ ၉၇၅၀ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၉၇၀၀)** သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၆ ရက်နှင့် ၂၇ ရက်များတွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၄၃၅၉၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်နီကုန်းရွာ ကျောက်ချောလမ်းဖွင့်လှစ်

ရေတာရှည် မတ် ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ခင်တန်းကြီးအုပ်စု တောင်နီကုန်းကျေးရွာတွင် ယနေ့ နံနက်ပိုင်းက (၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ပြည်ထောင်စု မွမ်းမံရန်ပုံငွေ ကျပ် ၁၂ ဒသမ ၆၈၀ သန်းဖြင့် ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ကျောက်ချောလမ်းအရှည် ၀/ ၀ ဒသမ ၅၅ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ လမ်းပိုင်းနှင့် အရှည် ၀/ ၂ ဒသမ ၆၄ မိုင်ရှိ ကျောက်ရောမြေလမ်းပိုင်းကို တစ်ဆက်တစ်စပ်တည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ကိုလွင်(ဆွာ)



## (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာဖွင့်

အုတ်တွင်း မတ် ၂၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ တင်းကုတ္တာန်းကျေးရွာတွင် ကျေးလက်မီးလင်းရေး ၁၁ ကေဗွီ ဓာတ်အားလိုင်း သုည ဒသမ ၆ မိုင်နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် ညနေ ၅ နာရီက အဆိုပါကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျွဲပွဲမြို့ တင်းကုတ္တာန်းကျေးရွာ မီးလင်းရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း သုည ဒသမ ၆ မိုင်နှင့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးခွင့်ပြုပေးပြီး ကျေးရွာမှ ပြည်သူထည့်ဝင်ငွေဖြင့် ဗို့အား ၄၀၀ ဗို့ တစ်မိုင်၊ ငွေကျပ်သိန်း ၂၈၀ ဖြင့် ကျေးလက်မီးလင်းရေးကော်မတီမှဦးဆောင်၍ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သည်။ ယခုအခါကျေးရွာရှိ အိမ်ခြေ ၁၇၂ အိမ် (လူဦးရေ ၉၇၆ ဦး) ရှိပြီး ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးများအဆင်ပြေချောမွေ့စွာ သုံးစွဲလျက်ရှိကြောင်း မြို့လျှပ်စစ်မှူးရုံးမှ သိရသည်။ ခင်ခင်မာ(ပြန်/ဆက်)

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် ညနေ ၆ နာရီခွဲတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် အထက်ရေပုန်းရပ်တွင် လွင်မိုးသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် အထက်ရေပုန်းရပ် နဝရတ်လမ်းရှိ အောင်ဇော်လတ်(ခ)မိုးဒီ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုလည်းကောင်း၊ ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုက်မရောမြို့နယ် လက်ပံကျေးရွာအုပ်စု လက်ပံရွာသစ် ကျေးရွာအနီး မြဝတီ-မော်လမြိုင်သွား ကားလမ်းတွင် တေဇာလွင် (ခ)ငုံးဥ မောင်းနှင်ပြီး စည်သူမင်း(ခ)တရုတ်ကြီး လိုက်ပါလာသည့် TOYOTA DYNA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ အမိုနီယမ်နိုက်ထရိတ် ကီလို ၈၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် စယ်လန့်ကျေးရွာအုပ်စု နောင်မိုကျေးရွာအနီးတွင် ဖောင်းခွမ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ နှင့် မြန်မာငွေကျပ် ၁ ဒသမ ၄ သိန်းကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု ကျောက်တောင်ကျေးရွာအနီး မိုးမိတ်-မြစ်ဆုံကျေးရွာသွား ကားလမ်းတွင် အောင်ညွန့်မောင်းနှင်ပြီး ဝိလာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၃ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။




တေဇာလွင်(ခ)ငုံးဥ၊ စည်သူမင်း(ခ)တရုတ်ကြီးတို့ကို သိမ်းဆည်းရမိသည့် အမိုနီယမ်နိုက်ထရိတ်များနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

### ရေချိုတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၂၂ခုနှစ်၊ (၇၇)နှစ်မြောက် တပ်မတော်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၂၂) ဖြင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် **ဒေါက်တာသီတာဦးအား "သီရိပျံချီ"** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊**
**ညွှန်ကြားရေးမှူးချုပ်များ၊**
**ဥပဒေရေးရာဝန်ကြီးဌာနရှိ အရာထမ်း/အမှုထမ်းများနှင့်**
**တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေရုံး အဆင့်ဆင့်ရှိ**
**အရာထမ်း/အမှုထမ်းများ။**








Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။


# မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံသား ၃၉၀ ဆက်လက်ဝင်ရောက်



မြဝတီ မတ် ၂၇

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို၂၀၂၁ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ဦးရေ ၃၉၀ ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ (၁၀)မြို့နယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်၊ မဲကနယ်နှင့် ကျောက်လုံးကြီး အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက် အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၄၈ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၃၉၀ ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**

❖ ဘော်ဘီချာတန်မှ

လုရှောနဲ့ ၇၈ မိနစ်မှာ ဟယ်ရီကိန်း(ပင်နယ်တီ)တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၂၂ မိနစ်မှာ အမ်ဘိုလိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ အင်္ဂလန်အသင်းနဲ့အတူ သွင်းယူခဲ့တဲ့ ပင်နယ်တီသွင်းဂိုးဟာ ပြိုင်ပွဲအရပ်ရပ် အင်္ဂလန်အသင်းရရှိခဲ့တဲ့ အကြိမ် ၁၀၀ မြောက်ပင်နယ်တီအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းနဲ့အတူ ကစားသမားဘဝတစ်လျှောက် ပွဲစဉ်စုစုပေါင်း ၆၈ ပွဲကစားပြီးချိန်မှာ သွင်းဂိုး ၄၉ ဂိုးအထိရှိလာခဲ့တာလည်းဖြစ်ပါတယ်။ လက်ရှိမှာ အင်္ဂလန်အသင်းနဲ့အတူ ဂိုးအများဆုံးသွင်းယူထားနိုင်ခဲ့တဲ့ကစားသမားကတော့ တိုက်စစ်မှူး ရွန်းနီဖြစ်ပြီး ရွန်းနီဟာ သွင်းဂိုး ၅၃ ဂိုးအထိ သွင်းယူထားသူလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ရှမ်းပြည်နယ် (တောင်ပိုင်း / အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်က သဘာဝမြေသြဇာများ ဖြန့်ဖြူးရောင်းချ

ညောင်ရွှေ မတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း/အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်မှ အင်းလေးဒေသရှိ ဗေဒါပင်မှ စိုက်ပျိုးရေးလုပ်ငန်းသုံး သဘာဝမြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းကို ညောင်ရွှေမြို့နယ် သမဝါယမအသင်းစုပိုင် စိုက်ပျိုးရေးခြံတွင် ထုတ်လုပ်လျက်ရှိရာ ဒေသခံတောင်သူများနှင့် သမဝါယမအသင်းသားများ အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုအခါ ဗေဒါသဘာဝမြေသြဇာ ၅၀ ကီလိုဂရမ်အိတ် ၂၈၈၀ ထုတ်လုပ်ပြီးဖြစ်ရာ သမဝါယမလမ်းကြောင်းမှတစ်ဆင့် ဖြန့်ဖြူးသွားမည့်အပြင် စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းချိတ်ဆက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

➢ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ။
➢ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေး ချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## (၁၁)နှစ်ပြည့်-လွမ်းဆွတ်သတိရခြင်း
## ရဲမှူးကြီး တင်မောင်ဌေး(ငြိမ်း) D.S.A (17)
## (၂၈-၃-၂၀၁၁)-(၂၈-၃-၂၀၂၂)

အချစ်ရဆုံးမောင်

ပျော်ရွှင်မှုအေးချမ်းမှုအပေါင်းနဲ့ ပြည့်စုံနေတဲ့မိသားစုလေးထဲက မမျှော်လင့်ဘဲခွဲခွာသွားခဲ့တာ (၁၁)နှစ်ပြည့်ခဲ့ပါပြီ။ ဒီအချိန်ထိ တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။ အချိန်တိုင်း သတိရလွမ်းနေခဲ့ပါတယ်။ တမ်းတခြင်း လွမ်းဆွတ်ခြင်း သတိရခြင်းများနဲ့အတူ ဒီနေ့ ဒီရက် ဒီအချိန်လေးမှာ မောင့်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ ကုသိုလ်ပြုလုပ်လှူဒါန်းပြီး (၈)မိုင် တေဇစေက္ကီဘုန်းတော်ကြီးကျောင်းမှာလည်း သံဃာအကုန် နေ့ဆွမ်း၊ သင်္ကန်း လှူဖွယ်ပစ္စည်းများနဲ့ ဆက်ကပ်လှူဒါန်းပေးခဲ့ပါတယ်။ ပြုလုပ်ခဲ့သမျှ ကောင်းမှုကုသိုလ်အတွက် မောင်ရောက်ရာဘုံဘဝမှ ဝမ်းမြောက်စွာ သာဓုခေါ်ဆိုနိုင်ပါစေ။

မောင်ရေ-

အမျှ-အမျှ-အမျှ

**ချစ်ဇနီး-ဒေါ်တင်ရွှေ**
**ချစ်သမီး-ခိုင်တင်ဇာဌေး**

---

**ဦးရဲကျော်မြ(Ye Gyaw Mra)**
**ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်)**
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ (၃၆၅)၊ ယင်းမာမြိုင်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးဝင်းမြ(သံအမတ်ကြီး-ငြိမ်း)(မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ-ငြိမ်း)၊ ဒေါ်မြမာမာဝင်း(Margie) တို့၏သားကြီး၊ [ဦးညီညီသန်း(သံအမတ်ကြီး-ငြိမ်း)]၊ ဒေါ်တင် တင်ဦး(Toni) တို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မြသစ္စာသန်း(Bangkok Thailand)၊ ရဲထွဋ်မြ (Minneapolis, USA) တို့၏ချစ်လှစွာသောဖခင်၊ ဦးကံထူးမြ(New York)၊ ဦးအောင်ထူးမြ-Karines (New York)တို့၏အစ်ကို၊ Jason၊ Carson တို့၏ဘကြီး ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂(စနေနေ့) နံနက် ၉:၂၀နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးရဲကျော်မြ**
**ညွှန်ကြားရေးမှူးချုပ်**
**အာဆီယံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**
**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဆရာ ဦးတင်ဦး**
**အထက(၂)ပုဇွန်တောင်(ငြိမ်း)**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ်(၃၇/၃၉)၊ (၄၅)လမ်းနေ ဒေါ်မေမေဝင်း၏ခင်ပွန်း၊ ဦးနိုင်ဦး-ဒေါ်မိုးသူဇာ၊ ဦးကျော်ကျော်ဦး-ဒေါ်နှောင်းယဉ်ထွန်း၊ ဦးကျော်နိုင်ဦး-ဒေါ်အေးအေးသန့်တို့၏ ဖခင်ကြီး၊ မောင်အောင်ချစ်မိုး၊ မောင်နိုင်အောင်ဝင်း၊ မောင်မင်းသုခကျော်၊ မချောသူဇာဟန်၊ မောင်ဘုန်းမြတ်ကျော်၊ မဖူးပွင့်ကျော်၊ မယဉ်မင်းဦးတို့၏ အဘိုးသည် ၂၇-၃-၂၀၂၂ ရက် နံနက် ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၂ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၂၂ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြားရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ကြင်သန်း**
**BE Textile (1970 Batch, RIT)**
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်လမ်းဆုံနေ (ဦးဘအေး-ဒေါ်လှတင်)တို့၏သမီးချွေးမ၊ (ဦးမြစိန်- ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဒေါ်လှနှစ်)၊ (ဒေါ်သန်းအေး)၊ ဒေါ်သန်းမြိုင်တို့၏ သမီး/တူမ၊ ဦးဇော်ထွန်း-ဒေါ်ညိုဇင်လတ်ဝင်း၊ ဒေါ်ဆွေဇင်ထွန်း ၊ ဒေါ်သီဒါနွဲ့တို့၏ မွေးသမိခင်၊ မောင်ပြည့်မောင်၏ အဘွား၊ ဦးသန်းနွဲ့၏ ချစ်လှစွာသော ဇနီး ဒေါ်ကြင်သန်းသည် ၂၆-၃-၂၀၂၂ (စနေနေ့) ည ၇:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ကွင်းအမှတ်-၁၀၃၃၊ ကွင်းအမည်-ကရင်ကံအနောက်၊ ဦးပိုင်အမှတ်-၁၃/၂၊ မျက်နှာစာ အလျား(၃၈၅)ပေရှိ လယ်(၁၀)ဧကနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်အပါအဝင် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဦးဇော်လင်းဦး[၇/ကဝန(နိုင်)၀၉၂၄၄၃]နှင့် ဦးသိန်းဟန်[၇/ကဝန(နိုင်)၀၄၄၄၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေနှင့်လယ်ယာမြေလုပ်ပိုင်ခွင့် လွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်-၃၄၊ ပထမထပ်(ယာ)၊ အလံပြဘုရားလမ်း၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၇၈၃၃**

---

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဝင်း[၁၄/မအပ(နိုင်)၀၅၅၃၆၉]ကိုင်ဆောင်သူနှင့် ဒေါ်မြင့်ဝေ[၁၄/မအပ(နိုင်)၂၆၁၅၁၉]ကိုင်ဆောင်သူ၊ ထိန်တောကျေးရွာ၊ စွန်သိုက်ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေသူတို့၏ သမီးဖြစ်သူ မဖွန်ရွှေဇင်ဝင်း[၁၄/မအပ(နိုင်)၃၄၁၄၉၄]ကိုင်ဆောင်သူသည် မိဘတို့၏ ပြောဆိုဆုံးမမှုကို မနာခံဘဲမိဘများအား အမျိုးမျိုးစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင်ပြုမူပြီး မိမိသဘောအရ နေအိမ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်းမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးလင်း(LL.B)**
**(အထက်တန်းရှေ့နေ-စဉ်-၅၄၁၅၂)**
**အမှတ်(၄၂)၊ ခိုင်ယင်းမာလမ်း၊ (၇)ရပ်ကွက်၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၉၂၈၀၇၁၅၀**

**ဒေါ်ခိုင်မို့မို့ထွန်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေ-စဉ်-၁၇၂၃၆)**
**တိုက်အမှတ်(၃၃)၊ အခန်း(၃၀၄)၊ (၁၀)လမ်း၊ စီဘလောက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၉၈၈၇၈**

---

**ဦးမြင့်ဆွေ**
**ရဲအရာခံ (ငြိမ်း)**
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က၊ ခ)ရပ်ကွက်၊ (က-၂)လမ်း၊ တိုက်(၇၄)၊ ပထမထပ်(ဘီ)နေ (ဦးသိန်း-ဒေါ်ဆန်းစိန်)တို့၏သား၊ လှည်းကူးမြို့နယ်နေ (ဦးမောင်စိန်-ဒေါ်မိုး)တို့၏သားသမက်၊ ဒေါ်ခင်ခင်ဝင်း (လသာမြို့နယ်ပြည် သူ့ကျန်းမာရေးဦးစီးဌာန)၊ ဦးမြင့်ဇော်ဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)-ဒေါ်ဝါဝါလွင်၊ ဦးစိုးမိုးအောင်-ဒေါ်အိအိငြိမ်းတို့၏မွေးသဖခင်၊ မသင်းရန့်ထွန်း (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်ကောင်းသန့်ဇော်၊ မောင်ရဲနန္ဒဇော်တို့၏ အဘိုး၊ ဒေါ်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၃-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၉:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်တင်တင်ရီ**
**ဒု-ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှု(၁) ထွေ/ထိန်း**
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်း၊ အမှတ်(၄၉)၊ ပထမထပ်(A)နေ (ဝဏ္ဏကျော်ထင်ဦးဘဝမ်း-ဒေါ်မမကြီး)တို့၏ သမီးကြီး၊ ဦးသန်းလှိုင်(ဒုညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁)၏ဇနီး၊ ဒေါက်တာထွန်းနေဦး၏မိခင်၊ ဒေါ်ခင်မိမိ(သံမဏိစက်ရုံ)၊ (ဦးကြည်ဝမ်း)၊ ဦးမျိုးဟန်၊ ဒေါက်တာသိန်းဇော်- ဒေါက်တာအေးအေးရှိန်းတို့၏ အစ်မကြီး ဒေါ်တင်တင်ရီသည် ၂၆-၃-၂၀၂၂ ရက် မွန်းလွဲ ၁၂:၂၅နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**
**ဒေါ်မြမူ**
**အထက်တန်းသူနာပြု(ငြိမ်း) ဗဟိုအမျိုးသမီးဆေးရုံကြီး**
### အသက်(၇၁)နှစ်

ထားဝယ်မြို့နေ (ဦးမောင်ကြီး-ဒေါ်အေးရီ)တို့၏ သမီး၊ တောင်သာမြို့နေ (ဦးတင်-ဒေါ်အုန်းတင်)တို့၏ သမီးချွေးမ၊ ဦးဝင်းနိုင်-ဒေါ်သိန်းဟိုတို့၏ အစ်မ၊ မောင်ဇော်ထိုက်ဦး-မစုစုထွေးတို့၏ အဒေါ်၊ မောင်နေမျိုး-မဆွေဇင်ဝင်းမောင်တို့၏ မိခင်၊ မောင်အာကာကောင်းဆက်၏အဘွား၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမောင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရန်ကုန်တိုင်းစာရင်းစစ်ချုပ်ရုံး)၏ ဇနီး ဒေါ်မြမူသည် ၂၆-၃-၂၀၂၂ (စနေနေ့) ည ၉:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၂၂ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၂ (သောကြာနေ့) နံနက်တွင် အမှတ်(၅၉၀)၊ စံပယ်(၃)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမောင်၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြားရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း**
**အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာနေ ဦးကျော်သန်း(ဘ)ဦးသာထူး မှတ်ပုံတင်အမှတ်[၁၂/လကန(နိုင်)၁၃၈၆၅၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၅-၉-၂၀၁၉)ရက်စွဲပါ မှတ်ပုံတင်အမှတ်(၂၅၅၁၀/၂၀၁၉)အရ ဦးကျော်သန်း(ဘ)ဦးသာထူး[၁၂/လကန(နိုင်)၁၃၈၆၅၁]မှ ဦးကျော်မျိုးနိုင်(ဘ)ဦးမောင်မောင်ကြီး[၉/မမန(နိုင်)၀၈၀၄၀၅]ထံ လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ အပြီးတိုင် ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါသည်။ ယနေ့မှစ၍ အထွေထွေကိုယ်စားလှယ်လွှဲစာကို အသုံးပြုပြီး အရှုပ်အရှင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဦးကျော်သန်းမှ (လုံးဝ)တာဝန်မယူကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နော်ဆာဝါးထူး(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅)**
**စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၂၅၁၀၈၁၈**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ကမ္ဘာ့ အပူ ချိန် မြှော့ ချဖို့ အိုဇုန်း လွှာ ကာကွယ် မှုနဲ့ အတူ ဆက်လက် ဆောင် ရွက်စို့**

---

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- Hot Plate သုံး၍ ရေနွေးအိုး တည်ပါက၊ ရေနွေးဆူမှတ်ထက် အချိန်ကျော်လွန်မှ လူကမီးခလုတ်ကို ပိတ်နိုင်၍ လျှပ်စစ်အသုံးပိုစေပါသည်၊



- ရေဆူမှတ်ရောက်သည်နှင့် ခလုတ်ကို အလိုအလျောက် ပိတ်စေသော ရေနွေးတည်ခရားကို သုံးခြင်းဖြင့် လျှပ်စစ်ကိုချွေတာသင့်ပါသည်။





---

**အပြင်ထွက်တိုင်း**



**ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

ဖက်ဒရယ်ဆိုတာဟာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး

## (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မတ် ၂၇

ယနေ့ကျရောက်သော (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် နှစ်ဦးနှင့် တတိယအဆင့် သုံးဦး စုစုပေါင်း ငါးဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းညှော်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့တက်ရောက်လာသည့်လွတ်လပ်ရေး မော်ကွန်းဝင် ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံစဉ်။



## ဘော်ဘီချာတန်ရဲ့ ဂိုးသွင်းစံချိန်ကို လိုက်မီခဲ့ပြီဖြစ်တဲ့ ဟယ်ရီကိန်း

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ နိုင်ငံတကာ ခြေစမ်းပွဲစဉ်မှာ အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အင်္ဂလန်လက်ရွေးစင် ကစားသမားဘဝမှာ သွင်းဂိုးစုစုပေါင်း ၄၉ ဂိုးအထိရှိလာခဲ့ပြီး အင်္ဂလန်အသင်းရဲ့ သမိုင်းတစ်လျှောက် သွင်းဂိုးဒုတိယအများဆုံး သွင်းယူထားနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားတဲ့ ဘော်ဘီချာတန်ရဲ့ ဂိုးသွင်းစံချိန်ကို လိုက်မီခဲ့ပြီဖြစ်ပါတယ်။

အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဘော်ဘီချာတန်ဟာ အင်္ဂလန်အသင်းနဲ့အတူ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၄၉ ဂိုးအထိ သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ အင်္ဂလန်အသင်းနဲ့အတူ ကစားသမားဘဝကို ၂၀၁၅ ခုနှစ်မှာ စတင်ခဲ့ပြီး ရှစ်နှစ်အကြာမှာ ဘော်ဘီချာတန်ရဲ့ စံချိန်ကို လိုက်မီခဲ့တာလည်းဖြစ်ပါတယ်။

အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၄၅ မိနစ်မှာ

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❖